The Mirror
Established in 1957

၁၃၇၅ ခုနှစ်၊ နတ်တော်လကွယ်၊ အင်္ဂါနေ့ (31-12-2013) (၇၇၁၁)

**နိုင်ငံ့ဂုဏ်ဆောင်ဆုတံဆိပ်ရ မြန်မာအားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ပွဲကျင်းပ**

# ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်ထုတ်ပြန်

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**(အမိန့်အမှတ်၊ ၅၁/၂၀၁၃)**
၁၃၇၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်
(၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်)

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

၁။ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ထာဝရငြိမ်းချမ်းမှုဖော်ဆောင်ရေးအတွက်လည်းကောင်း၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက်လည်းကောင်း၊ နိုင်ငံရေးလုပ်ငန်းစဉ်များတွင် အားလုံးပါဝင်နိုင်စေရေးအတွက်လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးပေးသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်၏ မေတ္တာနှင့် စေတနာကို နားလည်ကြပြီး နိုင်ငံတော်တည်ဆောက်ရေးတွင် တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ဖြစ်စေသည့် နိုင်ငံသားများအဖြစ်သို့ ပြုပြင်ပြောင်းလဲစေရေးအတွက်လည်းကောင်း နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄၊ ပုဒ်မခွဲ(က)အရ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။ **စာမျက်နှာ ၅ ကော်လံ ၁ သို့** ☆

# ပြည်သူများအတွင်း မျိုးချစ်စိတ်ဓာတ်နှင့် အားကစားစိတ်ဓာတ်များ ရှင်သန်နိုးကြားလာအောင် ဆောင်ရွက်ပေးခဲ့ မောင်တို့မယ်တို့၏ အောင်ပွဲသည် သန်းခြောက်ဆယ်သော မြန်မာပြည်သူများ၏ အောင်ပွဲဖြစ်



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင် ဆုတံဆိပ်ရ မြန်မာအားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ပွဲသို့ တက်ရောက်အားပေးချီးမြှင့်စဉ်။**
(သတင်းစဉ်)

**နေပြည်တော် ဒီဇင်ဘာ ၃၀**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင်ဆုတံဆိပ်ရ မြန်မာအားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ပွဲကို ယနေ့ညနေပိုင်းက နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနၡ ပြုလုပ်ရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားခဲ့သည်။

နိုင်ငံတော်သမ္မတက ပြောကြားရာတွင် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးကို ဒီဇင်ဘာ ၂၂ ရက်တွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီဖြစ်ပါကြောင်း၊ ဤအားကစားပြိုင်ပွဲကြီးတွင် မြန်မာအားကစားမောင်မယ်များဖြစ်သော မောင်တို့မယ်တို့သည် နိုင်ငံချစ်စိတ်၊ အမျိုးသားရေးစိတ်ဓာတ်နှင့် လေ့ခွက်ချည်းကျန်အလံမလှဲသည့်စိတ်ဓာတ်ကို ရင်ဝယ်ပိုက်ပြီး ကြိုးစားယှဉ်ပြိုင်ခဲ့ကြသည်ကို ဂုဏ်ယူဖွယ်ရာ တွေ့မြင်ခဲ့ရပါကြောင်း။

ထိုသို့ယှဉ်ပြိုင်ခဲ့သည့်အတွက်လည်း မြန်မာအားကစားသမားများအနေဖြင့် ရွှေတံဆိပ် ၈၆ ခု၊ ငွေတံဆိပ် ၆၂ ခု၊ ကြေးတံဆိပ် ၈၅ ခု စုစုပေါင်း ဆုတံဆိပ် ၂၃၃ ခုရရှိပြီး နိုင်ငံအလိုက် ဒုတိယအဆင့်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကြပါကြောင်း။

မြန်မာအားကစားသမားများအနေဖြင့် ၁၉၇၉ ခုနှစ် (၁၀)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ် ၂၆ ခုနှင့် နိုင်ငံအလိုက် ရွှေတံဆိပ်တတိယအများဆုံးရရှိသည့် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❖

# ခရစ်နှစ် ၂၀၁၄ တွင် နှစ်သစ်ကြိုရန်အတွက် အင်းလျားကန်ပေါင်ကို အချိန်များတိုးမြှင့်ဖွင့်လှစ်

**ရန်ကုန် ဒီဇင်ဘာ ၃၀**

၂၀၁၄ ခုနှစ် ခရစ်နှစ်ပြက္ခဒိန် နှစ်ဆန်း ၁ ရက် နှစ်သစ်မင်္ဂလာကို ကြိုဆိုကြမည့် လူငယ်မောင်မယ်များအတွက် ပြည်လမ်း အင်းလျားကန်ပေါင်နှင့် ကမ္ဘာအေးစေတီလမ်း အင်းလျားကန်ပေါင်တို့ကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် ညတွင် ပုံမှန်ဖွင့်လှစ်ထားသည့် နံနက် ၄ နာရီမှ ည ၉ နာရီအချိန်အစား နံနက် ၄ နာရီမှ ည ၁၁ နာရီအထိ အချိန်တိုး၍ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန တာဝန်ရှိသူများထံမှ သိရသည်။

အင်းလျားကန်ပေါင်နှစ်ခုလုံးကို အချိန်တိုးမြှင့်ဖွင့်လှစ်ထားခြင်းနှင့်ပတ်သက်၍ တာဝန်ရှိသူများကပြောကြားရာတွင် ခေတ်စနစ်ပြောင်းလဲမှုနှင့်အတူ လူငယ်များ၏ စိတ်ပိုင်းဆိုင်ရာလွတ်လပ်မှုကို မထိခိုက်စေရန်နှင့် မကြာမီကျရောက်မည့်နှစ်သစ်ကို မြို့ပြစည်းကမ်းနှင့်အညီ မင်္ဂလာရှိစွာ ကြိုဆိုနိုင်ရန် ယခုလို အချိန်တိုးမြှင့်ဖွင့်လှစ်ပေးခြင်းဖြစ်သည်။

ထို့ပြင် အင်းလျားကန်ပေါင် နှစ်ခုစလုံးကို မြို့တော်နေပြည်သူများ နံနက်အချိန်များတွင် ကိုယ်လက်လှုပ်ရှားမှု ကျန်းမာရေးလေ့ကျင့်ခန်းများ ပြုလုပ်နိုင်ရန်နှင့် အနားယူအပန်းဖြေလမ်းလျှောက်ရင်း မျက်စိပသာဒဖြစ်စေရန် ကန်ပေါင်ပတ်ဝန်းကျင်တွင် စိမ်းလန်းစိုပြည်ရေးအတွက် မြက်ခင်းပန်းခွက်များ၊ ရောင်စုံပန်းအလှများ၊ သန့်ရှင်းလှပသောထိုင်ခုံများ၊ လျှပ်စစ်မီးတိုင်အလှများ၊ အမှိုက်ပုံးများ စသည်တို့ကို မြို့တော်နေပြည်သူများ၏ အခွန်ဘဏ္ဍာများဖြင့် ဆောင်ရွက်ပေးထားသည့်အတွက် မြို့တော်နေပြည်သူများ ကိုယ်စား မြို့တော်စည်ပင်က စည်းကမ်းသတ်မှတ်ချက်နှင့်အညီ **စာမျက်နှာ ၁၂ ကော်လံ ၆ သို့** ❒





# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ

## အာဂျင်တီးနားသမ္မတနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

**နေပြည်တော်  ဒီဇင်ဘာ  ၃၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အာဂျင်တီးနားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စ အန်နာ မာရီယာ ရာမီးရက်ဇ်သည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ သမ္မတအိမ်တော်သို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။ **(အပေါ်ပုံ)**

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသူရိန်သန့်ဇင်တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ

## ဆူဒန်သမ္မတနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

**နေပြည်တော်  ဒီဇင်ဘာ  ၃၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဆူဒန်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ အိုမာ အီဆာ အာမက်သည် ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ သမ္မတအိမ်တော်သို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။ **(အပေါ်ပုံ)**

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသူရိန်သန့်ဇင်တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

## မိတ္ထီလာအောင်ဆန်းရပ်ကွက် လျှပ်စစ်ဓာတ်အားပိုမိုပြည့်ဝစွာ ရရှိသုံးစွဲနိုင်ရေးအတွက် ဓာတ်အားခွဲရုံသစ်တည်ဆောက်

**မိတ္ထီလာ  ဒီဇင်ဘာ  ၃၀**

မိတ္ထီလာမြို့ အောင်ဆန်းရပ်ကွက်နေ ဒေသခံပြည်သူများ လျှပ်စစ်ဓာတ်အား ပိုမိုပြည့်ဝစွာရရှိသုံးစွဲနိုင်ရေးအတွက် အဆိုပါရပ်ကွက်ရှိ ဗဟိုပို့ဆောင်ဆက်သွယ်ရေးသင်တန်းကျောင်းအနီး မိတ္ထီလာ-ကျောက်ပန်းတောင်းကားလမ်းမဘေးတွင် ဓာတ်အားခွဲရုံသစ်တစ်ခု တည်ဆောက်လျက်ရှိကြောင်း သိရသည်။ **(ယာပုံ)**



“အောင်ဆန်းရပ်ကွက်အတွက် လျှပ်စစ်ဓာတ်အားကို ဝန်ဇင်းရပ်ကွက်ဘက်က ဆည်မြောင်းဌာနအနီး ထရန်စဖော်မာအိုးကနေ လှမ်းယူနေရတာ ခရီးအကွာအဝေးများလွန်းတော့ လျှပ်စစ်ဓာတ်အား ပြည့်ပြည့်ဝဝမရနိုင်ဘူး။ ဒါကြောင့် ဓာတ်အားခွဲရုံသစ်တည်ဆောက်နေတာပါ။ ၃၃/၁၁ ကေဗွီ၊ ၁၀ အမ်ဗွီအေဓာတ်အားခွဲရုံဖြစ်ပါတယ်။ တည်ဆောက်ပြီးစီးသွားရင် အောင်ဆန်းရပ်ကွက်မှာ နေထိုင်သူ အိမ်ထောင်စုများသာမက အနီးအနားပတ်ဝန်းကျင်ရပ်ကွက်ကျေးရွာတွေလည်း အကျိုးကျေးဇူးခံစားရမှာဖြစ်ပါတယ်။ မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းက တာဝန်ရှိသူတွေအနေနဲ့ ဒေသခံပြည်သူတွေ လျှပ်စစ်ဓာတ်အားပြည့်ဝစွာ ရရှိသုံးစွဲနိုင်ရေးအတွက် ကြိုးစားဆောင်ရွက်နေပါတယ်” ဟု အဆိုပါလုပ်ငန်းမှ ဝန်ထမ်းတစ်ဦးက ပြောသည်။

မိတ္ထီလာမြို့သည် ခရိုင်မြို့ဖြစ်ကာ မြို့ပေါ်ရပ်ကွက် ၁၄ ရပ်ကွက်နှင့် ကျေးရွာပေါင်း ၃၇၉ ရွာပါဝင်ပြီး မြို့ပေါ် ၁၄ ရပ်ကွက်တွင် လျှပ်စစ်မီးလင်းနိုင်ပြီဖြစ်ကာ ကျေးရွာအများစုသည်လည်း ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြသည်။

**ချမ်းသာ(မိတ္ထီလာ)**

## စွမ်းအင်သယံဇာတနှင့် ဓာတ်သတ္တုဆိုင်ရာ ဆပ်ကော်မတီဖွဲ့ ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးညှိနှိုင်း

**နေပြည်တော်  ဒီဇင်ဘာ  ၃၀**

စွမ်းအင်သယံဇာတနှင့် ဓာတ်သတ္တုဆိုင်ရာဆပ်ကော်မတီဥက္ကဋ္ဌ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော်သည် ဒီဇင်ဘာ ၂၇ ရက်တွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်စွမ်းအင်သယံဇာတနှင့် ဓာတ်သတ္တုဆိုင်ရာဆပ်ကော်မတီဝင်များ၊ မြို့မိမြို့ဖများ/ကျေးရွာများမှ ပြည်သူ့ကိုယ်စားလှယ်များနှင့် တွေ့ဆုံ၍ ရှမ်းပြည်နယ်အတွင်းရှိ ဒေသခံပြည်သူတို့၏ဆန္ဒ၊ ပြည်သူတို့၏ မေးမြန်းချက်များ၊ အကြံပြုချက်များနှင့် ဝိုင်းဝန်းဆွေးနွေးတင်ပြချက်များကိုသိရှိပြီး ချက်ချင်းဆောင်ရွက်ရန်ရှိက မျက်နှာချင်းဆိုင် ဆောင်ရွက်ဖြေရှင်းပေးရန်နှင့် အခြားဝန်ကြီးဌာန၊ ဆပ်ကော်မတီများနှင့် အပြန်အလှန်ပေါင်းစပ်ညှိနှိုင်းပေးရန်ရှိက ဆက်သွယ်ဆောင်ရွက်ပေးနိုင်ရန် လာရောက်ခြင်းဖြစ်ကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် မိမိတို့ ဆန္ဒ/လိုအပ်ချက်/အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်းတင်ပြခြင်းဖြင့် ဝိုင်းဝန်းဆွေးနွေးကြရန်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

တွေ့ဆုံပွဲတွင် ဆပ်ကော်မတီအနေဖြင့် ဓာတ်အားစနစ်မှ လျှပ်စစ်မီးရရှိရေးကိစ္စ၊ စိုက်ပျိုးရေ၊ သောက်သုံးရေရရှိရေးဆိုင်ရာကိစ္စ၊ သတ္တုတူးဖော်ထုတ်လုပ်ရေးဆိုင်ရာကိစ္စ၊ သစ်တောဆိုင်ရာကိစ္စ၊ အသေးစားရေအားလျှပ်စစ်ထုတ်ယူနိုင်ရေးဆိုင်ရာကိစ္စနှင့် ကျေးရွာမီးလင်းရေးကိစ္စရပ်များကို ညှိနှိုင်းပေါင်းစပ်ဖြေရှင်းပေးခဲ့သည်။

ဒုတိယဝန်ကြီး ဦးဆောင်သော ဆပ်ကော်မတီအဖွဲ့သည် ဒီဇင်ဘာ ၂၈ ရက်တွင် ကယားပြည်နယ် လွိုင်ကော်မြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်အစိုးရအဖွဲ့များ၊ ဆပ်ကော်မတီဝင်များ၊ မြို့နယ်/ကျေးရွာများမှ ပြည်သူ့ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးပြီး ကယားပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို သက်ဆိုင်ရာကဏ္ဍအလိုက် ဒေသခံများနှင့် မျက်နှာချင်းဆိုင် ဝိုင်းဝန်းညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## သဘာဝဘေး အသိပညာပေး ဟောပြော

**တောင်ကြီး ဒီဇင်ဘာ ၃၀။** ရှမ်းပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက ရပ်ကွက်/ ကျေးရွာအဆင့် သဘာဝဘေးအသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၂၉ ရက် မွန်းလွဲ ၂ နာရီက တောင်ကြီးမြို့နယ် မိုင်းတော်ကျေးရွာအုပ်စု တောင်နီစံပြကျေးရွာ ညောင်ရုံပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်ဦးစီးမှူးဦးစိုးနိုင်က လျှင်ဘေး၊ မိုးကြိုးဘေး၊ လေပြင်းဘေးနှင့် လေဆင်နှာမောင်းဘေးဆိုင်ရာ အသိပညာဗဟုသုတများအား ရှင်းလင်းပြောကြားခြင်း၊ လျှင်ဖြစ်ပွားမှုနှင့် ပညာပေးလေ့ကျင့်မှုမှတ်တမ်း ဗီဒီယိုခွေများပြသခြင်းနှင့် သဘာဝဘေးအသိပညာပေးလက်ကမ်းစာစောင်များဝေငှခြင်းတို့ဆောင်ရွက်ခဲ့ရာ ကျေးရွာ လူထု ၃၅၀ ခန့်တက်ရောက်ခဲ့ကြောင်းနှင့် အလားတူ ဟောပြောပွဲများအား ယခုနှစ် ဒီဇင်ဘာလအတွင်း တောင်ကြီးခရိုင်အတွင်းရှိ မိုင်းသောက်ကျေးရွာ၊ မြင်းစခွန့်ကျေးရွာ၊ တောင်လေးလုံးကျေးရွာ၊ ဘန့်ကွေးကျေးရွာ၊ သံတဲကျေးရွာ၊ အေးသာယာမြို့သစ်ရပ်ကွက်(၁)နှင့် ရွှေညောင်မြို့ပေါ်ရပ်ကွက်များ၌လည်း ကျင်းပခဲ့ရာ စုစုပေါင်းအင်အား ၁၂၀၀ ခန့်အား သဘာဝဘေးအန္တရာယ်များအကြောင်း ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

**နိုင်ထွန်း(TGI)**



တောင်ကိုရီးယား နိုင်ငံ ဘူဆန် မြို့အနီးရှိ ရှင်ဂိုရီ အဏုမြူ ဓာတ်ပေါင်းဖို စက်ရုံကို တွေ့ရစဉ်။

# နျူကလီးယားဓာတ်အားပေးစက်ရုံငါးရုံ တောင်ကိုရီးယား၌ တည်ဆောက်ဖွယ်

**ဆိုးလ် ဒီဇင်ဘာ ၃၀**

တောင်ကိုရီးယားနိုင်ငံ၌ နျူကလီးယားဓာတ်အား မဂ္ဂါဝပ် ၄၃၀၀၀ ရရှိရန် ရည်မှန်းချက် ပေါက်မြောက်စေရေးအတွက် ၂၀၂၅ ခုနှစ်မှ ၂၀၃၅ ခုနှစ်ကာလအတွင်း နောက်ထပ် အဏုမြူစက်ရုံငါးရုံအထိ တည်ဆောက်ရဖွယ်ရှိကြောင်း အစိုးရတာဝန်ရှိသူများက ဒီဇင်ဘာ ၃၀ ရက်တွင် ပြောကြားသည်။

အာရှတိုက်၏ စတုတ္ထစီးပွားရေးအင်အားကြီးနိုင်ငံဖြစ်သော တောင်ကိုရီးယားနိုင်ငံ၌ နျူကလီးယားလျှပ်စစ်ဓာတ်အားသုံးစွဲမှုကို လျှော့ချရန် ဖိအားပေးမှုများရှိနေကြောင်း၊ စုစုပေါင်း စွမ်းအင်ထောက်ပံ့ပေးနိုင်မှုအရ ၂၀၃၀ ပြည့်နှစ်ထက် နောက်မကျဘဲ ၄၁ ရာခိုင်နှုန်းအထိကို လည်းကောင်း၊ ၂၀၃၅ ခုနှစ်ထက်နောက်မကျဘဲ ၂၉ ရာခိုင်နှုန်းအထိကို လည်းကောင်း၊ နျူကလီးယားစွမ်းအင်မှ လျှော့ချသွားရန် ရည်မှန်းထားကြောင်း စွမ်းအင်ဝန်ကြီးဌာနက ပြောကြားသည်။

သို့ရာတွင် နျူကလီးယားစွမ်းအင်သုံးစွဲမှုလျှော့ချရေး အစီအစဉ်အရ အဏုမြူဓာတ်ပေါင်းဖို အရေအတွက်မည်မျှ လိုအပ်မည်ကို တာဝန်ရှိသူများက အတိအကျ ပြောကြားခြင်းမရှိပေ။

**ရိုက်တာ။**

# ရှင်ကျင်းပြည်နယ် တိုက်ခိုက်မှု၌ လူရှစ်ဦးသေ

**ပေကျင်း ဒီဇင်ဘာ ၃၀**

ဒီဇင်ဘာ ၃၀ ရက်တွင် တရုတ်နိုင်ငံ ရှင်ကျင်းပြည်နယ်အတွင်း ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုများ၌ ရဲအဖွဲ့၏ ပစ်ခတ်မှုကြောင့် လူရှစ်ဦးသေဆုံးခဲ့ကြောင်း အစိုးရကထုတ်ပြန်သောသတင်းတွင် ဖော်ပြသည်။

ရှင်ကျင်းပြည်နယ် ဟာကန်စီရင်စုတွင် လူတစ်ဦးက ဓားနှင့်ဖောက်ခွဲရေးပစ္စည်းများကိုင်ဆောင်ကာ တရုတ်ရဲတပ်ဖွဲ့စခန်းတစ်ခုကို တိုက်ခိုက်ခဲ့ခြင်းကြောင့် ယင်းဖြစ်ရပ်ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး လူတစ်ဦးကို ဖမ်းဆီးခဲ့သည်ဟုဆိုသည်။

အဆိုပါဒေသအတွင်း မငြိမ်မသက်ဖြစ်မှုများဖြစ်ပေါ်ခဲ့ပြီး ရက်သတ္တနှစ်ပတ်အကြာ၌ ယင်းအကြမ်းဖက်တိုက်ခိုက်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကာ ဖြစ်ရပ်များအတွင်း လူ ၁၆ဦးသေဆုံးခဲ့ပြီး သေဆုံးသူများထဲ၌ တရုတ်ရဲတပ်ဖွဲ့ဝင်နှစ်ဦး ပါဝင်သည်ဟု သတင်းတွင် ဖော်ပြသည်။ ရှင်ကျင်းဒေသသည် တရုတ်နိုင်ငံအတွင်းရှိ လူနည်းစုအစ္စလာမ်ဘာသာဝင် အူဂါမျိုးနွယ်စုတို့၏ ဇာတိနယ်မြေဖြစ်ပြီး လူမျိုးရေးပဋိပက္ခများ ပြတ်တောင်းပြတ်တောင်းဖြစ်ပေါ်နေသည့်ဒေသဖြစ်သည်။

ယင်းဒေသ၌ အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွားခြင်းသည် အစွန်းရောက်သမားများ၏ လုပ်ဆောင်ချက်ကြောင့်ဖြစ်ကြောင်း တရုတ်ဗဟိုအစိုးရက အစဉ်အမြဲ စွပ်စွဲပြစ်တင်လေ့ရှိသည်။ ယင်းဒေသခံ အူဂါအခွင့်အရေးလှုပ်ရှားသူများကမူ လူမျိုးချင်းတင်းမာမှုဖြစ်ပွားခြင်းမှာ ယင်းဒေသအား တရုတ်အစိုးရက ချုပ်ကိုင်ရန်ကြိုးပမ်းရာမှဖြစ်ရပြီး ယင်းလုပ်ရပ်သည်ပင် အကြမ်းဖက်တိုက်ခိုက်မှုများ၏ လက်သည်အကြောင်းအရင်းဖြစ်သည်ဟုဆိုသည်။

**ဘီဘီစီ။**

# လက်ဘနွန်တပ်မတော် စွမ်းအားမြှင့်ရေးအတွက် ဆော်ဒီအာရေဗျက ဒေါ်လာသုံးဘီလီယံ ထောက်ပံ့မည်

**ဘေရွတ် ဒီဇင်ဘာ ၃၀**

ဆော်ဒီအာရေဗျနိုင်ငံက လက်ဘနွန်တပ်မတော်သို့ ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ သုံးဘီလီယံ ပေးအပ်မည်ဖြစ်ကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

လက်ဘနွန်နိုင်ငံတွင် ကားဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် သေဆုံးသွားသည့် အထက်တန်းနိုင်ငံရေးသမားတစ်ဦး၏ ဈာပနအခမ်းအနားအပြီးတွင် လက်ဘနွန်သမ္မတ မစ်ချယ်ဆူလေမန်က ရုပ်မြင်သံကြားမှ ထုတ်လွှင့်သည့် မိန့်ခွန်းတစ်ရပ်ပြောကြားရာတွင် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။ ဆော်ဒီအာရေဗျနိုင်ငံမှ ထောက်ပံ့မည့် အဆိုပါအကူအညီသည် အကြမ်းဖက်ဝါဒီများအား တိုက်ခိုက်ရာ၌ အကူအညီပေးလိမ့်မည်ဖြစ်ကြောင်း လက်ဘနွန်သမ္မတက ပြောကြားသည်။

ကားဗုံးခွဲလုပ်ကြံခံရသူ လက်ဘနွန်နိုင်ငံရေးသမား မိုဟာမက်ကာတက်စ်သည် ဆွန်နီမွတ်စလင်တစ်ဦးဖြစ်ပြီး ဆီးရီးယားသမ္မတ ဘာရှားအယ်လ်အာဆတ်နှင့် ၎င်းအားထောက်ခံသည့် လက်ဘနွန်အခြေစိုက် ရှီးယိုက်ဟစ်ဇ်ဘိုလာလှုပ်ရှားမှုအဖွဲ့အား အစဉ်တစိုက် ဝေဖန်ရှုတ်ချသူလည်းဖြစ်သည်။

ဆော်ဒီအာရေဗျနှင့် ဟစ်ဇ်ဘိုလာလှုပ်ရှားမှုအဖွဲ့တို့သည် ဆီးရီးယားနိုင်ငံ၏ ပြည်တွင်းရေးပဋိပက္ခတွင် ဆန့်ကျင်ဘက် အနေအထားဖြင့် ရပ်တည်နေကြသည်။

ညီရင်းအစ်ကိုသဖွယ်ရှိသည့် ဆော်ဒီအာရေဗျနိုင်ငံ၏ ဘုရင်မင်းမြတ်က လက်ဘနွန် တပ်မတော်အင်အား တောင့်တင်းစေရေးအတွက် ပေးအပ်ရန် ကမ်းလှမ်းလာသည့် အမေရိကန်ဒေါ်လာ သုံးဘီလီယံ၏ အထောက်အပံ့ဖြင့် လက်ဘနွန် တပ်မတော်သည် ကြံ့ခိုင်သန်စွမ်းသောစွမ်းရည်များ ရရှိလာမည်ဖြစ်ကြောင်း လက်ဘနွန်သမ္မတ၏ ရုပ်သံလွှင့်မိန့်ခွန်းတွင် ဖော်ပြသည်။

ယင်းသည် လက်ဘနွန်နိုင်ငံသမိုင်းတစ်လျှောက်တွင် အကြီးမားဆုံး ရရှိသော ထောက်ပံ့မှုဖြစ်ပြီး ယင်းငွေကြေးများဖြင့် ပြင်သစ်နိုင်ငံမှ ခေတ်မီလက်နက်များကို လက်ဘနွန် တပ်မတော်အတွက် ဝယ်ယူနိုင်မည်ဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။

**ဘီဘီစီ။**



# ဗျူးနို့စ်အေရီတွင် အပူလှိုင်းဝင်၍ လျှပ်စစ်ဓာတ်အားမလုံလောက်

**ဗျူးနို့စ်အေရီ ဒီဇင်ဘာ ၃၀**

အာဂျင်တီးနားနိုင်ငံ မြို့တော် ဗျူးနို့စ်အေရီတွင် လျှပ်စစ်ဓာတ်အားခြိုးခြံချွေတာရေး ကြိုးပမ်းချက်တစ်ရပ်အဖြစ် ပြည်သူပိုင်စီးပွားရေးလုပ်ငန်းများမှ အလုပ်သမားများကို တနင်္လာနေ့တွင် လုပ်ငန်းခွင်သို့မလာကြရန် ပြောကြားခဲ့ကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အပူလှိုင်းများ ဖြတ်သန်းနေစဉ်အတွင်း မြို့တော်သူ မြို့တော်သားတို့သည် အအေးဓာတ်ရရှိစေရန် လေအေးပေးစက်များသုံးစွဲမှု မြင့်တက်လာသဖြင့် မြို့တော်မှာ ဓာတ်အားမလုံလောက်မှုနှင့် ကြုံတွေ့နေရသည်။

အပူချိန်သည် ၃၅ ဒီဂရီဆဲလ်စီးယပ်ကျော်အထိ မြင့်တက်လာနေစဉ် မြို့တော်၏ အချို့သောရပ်ကွက်များတွင် လျှပ်စစ်ဓာတ်အား ပြတ်တောက်နေသည်မှာ သီတင်းနှစ်ပတ်မျှ ရှိပြီဖြစ်သည်။

အာဂျင်တီးနားနိုင်ငံ၏ သက်တမ်းရင့်နေပြီဖြစ်သော လျှပ်စစ်ဓာတ်အားလိုင်းများသည် ပြည်သူတို့၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ပြည့်မီရန် ရုန်းကန်နေရသည်။

မြို့တော်ရှိ ပြည်သူပိုင်စီးပွားရေးလုပ်ငန်းများမှ အလုပ်သမားများကို ၎င်းတို့၏အိမ်တွင် တနင်္လာနေ့တစ်နေ့လုံးနေရန်လည်းကောင်း၊ ဗျူးနို့စ်အေရီပြည်နယ်မှ အလုပ်သမားများကိုလည်း မွန်းတည့်ချိန်တွင် လုပ်ငန်းခွင်မှပြန်ကြရန်လည်းကောင်း ခိုင်းစေခဲ့သည်။

တနင်္ဂနွေနေ့ည၌ မြို့သူ မြို့သားတို့သည် ၎င်းနေအိမ်တွင် အပူဒဏ်ကို ကာကွယ်ရန် လေအေးစက်များ၊ ပန်ကာများကိုသုံးစွဲကြရာ အလုပ်အားလပ်ရက်တစ်ရက်အတွက် လျှပ်စစ်ဓာတ်အားသုံးစွဲမှုမှာ အမြင့်ဆုံးသို့ ရောက်ရှိခဲ့သည်။

မြို့တော်မှ တာဝန်ရှိသူများနှင့် ဗဟိုအစိုးရ တာဝန်ရှိသူများသည် ရက်များစွာ လျှပ်စစ်ဓာတ်အား မရရှိသူများကို အကူအညီပေးရေးအတွက် ညှိနှိုင်းဆောင်ရွက်ကြရန် တနင်္ဂနွေနေ့တွင် ဆွေးနွေးခဲ့ကြသည်။ အပူလှိုင်းသည် မြို့တော်၌ နှစ်ပေါင်း ၄၀ အတွင်း အဆိုးရွားဆုံးဖြစ်သည်ဟု သတင်းများက ဖော်ပြသည်။

**ဘီဘီစီ။**



အာဂျင်တီးနားနိုင်ငံ ရိုဆာရီယိုမြို့အနီးရှိ မြစ်ကမ်းနံဘေး၌ အပူလှိုင်းဒဏ်မှ သက်သာရာရရေးအတွက် နားခိုနေသူများအား တွေ့ရစဉ်။





## ရန်ကုန်တက္ကသိုလ်(ပင်မ)ရွှေဘိုဆောင်/ဒဂုံဆောင်

## ကျောင်းသားဟောင်းများမိတ်ဆုံစားပွဲ

ရန်ကုန်တက္ကသိုလ် ရွှေဘိုဆောင်/ဒဂုံဆောင် ကျောင်းသားဟောင်းများ မိတ်ဆုံစားပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးမှ သူငယ်ချင်းများ တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်-

နေ့ရက် - ၅-၁-၂၀၁၄ ရက် (တနင်္ဂနွေနေ့)
အချိန် - နံနက် ၁၀း၀၀ နာရီ
နေရာ - စိမ်းလန်းစိုပြည် (ဘွဲ့နှင်းသဘင်နောက်ကျော)
(၂၈၊ အင်းလျားလမ်း၊ ကမာရွတ်မြို့နယ်)

ဆက်သွယ်ရန်-

| | | | |
|---|---|---|---|
| ဆရာဦးဆောင် | ၀၁-၅၀၂၉၅၈ | ကျော်ထွေးအောင်(Law) | ၀၉-၄၃၁၄၈၀၉၇ |
| ဆရာဦးဝင်းဆွေ | ၀၉-၅၀၀၃၄၂၅ | ကျော်စွာမြင့်(Law) | ၀၉-၈၆၃၄၄၂၅ |
| ကျော်လင်းဦး(Geo:) | ၀၉-၄၅၀၀၅၂၅၆၇ | ကျော်စိန်လွင်(Law) | ၀၉-၅၄၁၆၁၂၂ |
| မျိုးသန့် (IR) | ၀၉-၅၁၁၈၁၇၂ | ဇော်မင်းအောင်(Law) | ၀၉-၅၅၃၅၉၉၉ |
| မြတ်သစ်(OS) | ၀၉-၅၀၄၆၈၅၅ | စံထွန်း (philo:) | ၀၉-၅၁၃၆၃၂၇ |
| ဇော်မင်းယု(Psy:) | ၀၉-၅၄၁၄၄၂၈ | အောင်ဇော်မိုး(Anthro:) | ၀၉-၈၃၅၁၁၃၃ |




☆ **ရှေ့ဖုံးမှ**

၂။ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့နှင့် ထိုနေ့မတိုင်မီ အပိုဒ်(၃)ပါ ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍-
(က) ပြစ်ဒဏ်ချမှတ်ခြင်း ခံနေရသူအားလုံးကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ပြုလိုက်သည်။
(ခ) သက်ဆိုင်ရာတရားရုံးများရှိ ကြားနာစစ်ဆေးဆဲ ပြစ်မှုဆိုင်ရာအမှုများကို ပိတ်သိမ်းပြီး တရားခံများအား အမှုမှ ချက်ချင်းလွှတ်ရမည်။
(ဂ) စုံစမ်းအရေးယူဆဲဖြစ်သော အမှုများကို ဆက်လက်အရေးယူခြင်း မပြုဘဲ ပိတ်သိမ်းရမည်။
၃။ ဤအမိန့်အရ အောက်ပါပြစ်မှုများ၌သာ ပြစ်ဒဏ်ခံနေရသူများ၊ ကြားနာစစ်ဆေးဆဲ ခံနေရသူများနှင့် စုံစမ်းအရေးယူဆဲ ခံနေရသူများပါဝင်သည်-
(က) မတရားအသင်းအက်ဥပဒေပါပြစ်မှုများ၊
(ခ) နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှု(ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၂၂)၊
(ဂ) အကြည်ညိုပျက်အောင်ပြုလုပ်မှု(ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၂၄-က)၊
(ဃ) နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပါ ပြစ်မှုများ၊
(င) ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေပါ ပြစ်မှုများ၊
(စ) အများပြည်သူ၏ အကျိုးပျက်စီးစေမှု (ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၅၀၅)
(ဆ) ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေပါ ပြစ်မှုများ။
၄။ ဤအမိန့်အရ ပေးအပ်သော အခွင့်အရေးသည် ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့နောက်ပိုင်းတွင် ကျူးလွန်သော အပိုဒ်(၃)ပါ ပြစ်မှုများနှင့် သက်ဆိုင်ခြင်းမရှိစေရ။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**



# အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့် အာဂျင်တီးနားသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၃၀**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ထိုင်းနိုင်ငံ ဗန်ကောက်အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ အာဂျင်တီးနားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ana Maria Ramirez အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(အပေါ်ပုံ)** **(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် စက်ရုံ/အလုပ်ရုံများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၃၀**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ဒီဇင်ဘာ ၂၉ ရက် နံနက် ၁၀ နာရီတွင် အင်းစိန်မြို့နယ်ရှိ အမှတ်(၃၄) အကြီးစားစက်ရုံအုတ်ထုတ်လုပ်ရေးဌာန အလုပ်ရုံခွဲ (၁)၊ (၂)၊ (၃) သို့ရောက်ရှိရာ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက စက်ရုံဆိုင်ရာ အချက်အလက်များကို လည်းကောင်း၊ Mother Industrial Co.,Ltd. မှ တာဝန်ရှိသူများက အပေါ့စားသဲကွန်ကရစ်အုတ်(Autoclaved Aerated Concrete Block) နှင့် ဖိအားမြင့်ခံသဲကွန်ကရစ်အုတ် (Autoclaved Pressed Concrete Brick)ထုတ်လုပ်နိုင်ရေး စက်ရုံစီမံကိန်းဆိုင်ရာ အချက်အလက်များကို လည်းကောင်း ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက စီမံကိန်းလုပ်ငန်းများ သတ်မှတ်ကာလအတွင်း ပြီးစီးရေး ကြိုးစားအကောင်အထည်ဖော်ဆောင်ရွက်ကြရန် မှာကြားပြီး တည်ဆောက်ရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အပေါ့စားသဲကွန်ကရစ်အုတ်နှင့် ဖိအားမြင့်ခံသဲကုန်ကရစ်အုတ်များကို ခွင့်ပြုဒေသနှင့် နေရာတို့မှ မြစ်သဲများကို အခြေခံရယူသုံးစွဲခြင်းဖြစ်သဖြင့် မြစ်ကြောင်းအတွင်း ရေစီးရေလာကောင်းမွန်ပြီး မြစ်ကြောင်းတစ်လျှောက် ဖွံ့ဖြိုးတိုးတက်စေခြင်း၊ ထုတ်လုပ်မှုနည်းစဉ်အရ မြစ်၊ သဲ၊ ထုံး၊ ဘိလပ်မြေ၊ ဂေါ်ဒန်ကျောက်တို့ကို အချိုးကျရောစပ်ပေါင်းခံ အခဲပြုလုပ်၍ သတ်မှတ်အတုံးအရွယ်များ ဖြတ်တောက်ရာမှ ထွက်ရှိလာသည့် အပိုင်းအစများကို နည်းစဉ်တစ်လျှောက် စုစည်းရယူပြီး(Recycle)ပြန်လည်ထည့်သွင်းအသုံးပြု၍ လေလွင့်ဆုံးရှုံးမှုနည်းပါးစေခြင်းတို့အပြင် အပေါ့စားသဲကွန်ကရစ်(AAC) များသည် ပေါ့ပါးခိုင်မာခြင်း၊ အသံလုံခြင်း၊ အပူခံခြင်း၊ သဘာဝကုန်ကြမ်းများကိုသာ သုံးစွဲထားသဖြင့် ဘေးထွက်ဆိုးကျိုးအဆိပ်အတောက် အငွေ့အသက်မရှိခြင်းတို့ကြောင့် အထပ်မြင့်အဆောက်အအုံများတွင် ပိုမိုသင့်တော်ကြောင်း ဖိအားမြင့်ခံ သဲကွန်ကရစ်အုတ်(APC)များမှာ သာမန်မြေအုတ်ထက် ဖိအားပိုမိုခံနိုင်ပြီး အထပ်မြင့်အဆောက်အအုံများ၏ အခြေခံအုတ်မြစ်(Foundation)အတွက် အထူးသင့်တော်သဖြင့် တရုတ်၊ ဗီယက်နမ်၊ ထိုင်း၊ အင်ဒိုနီးရှားနှင့် အိန္ဒိယနိုင်ငံတို့တွင် တွင်ကျယ်စွာ အသုံးပြုနေကြောင်း၊ အဆိုပါစက်ရုံများကို တည်ငံကုန်းတွင် စက်ရုံတစ်ရုံ၊ ဖော့ကန်တွင် စက်ရုံနှစ်ရုံ တည်ဆောက်လျက်ရှိရာ စက်ရုံအားလုံး အကောင်အထည်ဖော်တည်ဆောက်ပြီးစီးသွားပါက တစ်နှစ်လျှင် အပေါ့စားသဲကွန်ကရစ် အုတ် ၂၂၅ သန်းခန့်နှင့် ဖိအားမြင့်ခံသဲကွန်ကရစ်အုတ် သန်း ၉၀ ခန့်ကို ထုတ်လုပ်ပေးသွားနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၁)ပလတ်စတစ်စက်ရုံ(ရန်ကုန်)သို့ သွားရောက်၍ ဝန်ထမ်းများ အရည်အသွေးတိုးတက်မြင့်မားစေရေးအတွက် အင်္ဂလိပ်စာသင်တန်းများနှင့် ကွန်ပျူတာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးနိုင်ရေး မှာကြားပြီး ဝန်ထမ်းများအား တွေ့ဆုံအားပေးသည်။ ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် စက်မှုဝန်ထမ်းအိမ်ရာ(ဗဟန်း)သို့ ရောက်ရှိစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# စွမ်းရည်မြင့်မားရေး လုပ်ငန်းဆွေးနွေးပွဲသင်တန်းဆင်း

**နေပြည်တော် ဒီဇင်ဘာ ၃၀**

ပညာရေးဝန်ကြီးဌာန ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ပညာရေးစီမံခန့်ခွဲမှု စွမ်းရည်မြင့်မားရေးလုပ်ငန်းဆွေးနွေးပွဲ သင်တန်းဆင်းပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၉ ရက် ညနေ ၃ နာရီခွဲတွင် နေပြည်တော်အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုတင် တက်ရောက်အမှာစကားပြောကြားပြီး အမှတ် (၁)အခြေခံပညာဦးစီးဌာနကိုယ်စား ပဲခူးတိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူး ဦးစောစံယဉ်အားလည်းကောင်း၊ အမှတ် (၂)အခြေခံပညာဦးစီးဌာနကိုယ်စား ရှမ်းပြည်နယ်တောင်ပိုင်း ပညာရေးညွှန်ကြားရေးမှူး ဦးချစ်ဆွေအား လည်းကောင်း၊ နေပြည်တော်ကောင်စီနယ်မြေကိုယ်စား နေပြည်တော်ကောင်စီ ပညာရေးညွှန်ကြားရေးမှူး ဦးမြင့်ဇော်အားလည်းကောင်း သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

**ရန်ကုန်မြို့တော် ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနနှင့် တာမွေမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးတို့ ပူးပေါင်းကာ မြို့နယ်အတွင်းပွင့်လင်းရာသီ၌ အမြင်တင့်တယ်စေရန်နှင့် အန္တရာယ်ကင်းရှင်းစေရန်အတွက် မော်တော်ယာဉ်အမိုးများနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများအား ဒီဇင်ဘာ ၃၀ ရက် နံနက်က ရှင်းလင်းဆောင်ရွက်နေစဉ်။** (၅၉၇)

















# မသန်လည်းလူ၊ သန်လည်းလူ၊ စွမ်းဆောင်မှုသာ အဓိက

## ကြည်ထွန်း(လူမှုဝန်ထမ်း)

စိမ်းလန်း၊ သန့်ရှင်း၊ ချစ်ကြည်ခြင်းကို ပြည့်ဝစွာ ဖော်ကျူးပြသနိုင်ခဲ့သည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီ။ ရွှေတံဆိပ် ၈၆ ခု၊ ငွေတံဆိပ် ၆၂ ခု၊ ကြေးတံဆိပ် ၈၅ ခု စုစုပေါင်း ဆုတံဆိပ် ၂၃၃ ခုဖြင့် နိုင်ငံအလိုက် ဒုတိယအဆင့် ရရှိအောင် မြန်မာအားကစားမောင်မယ်များက စွမ်းဆောင်ခဲ့ကြသည်။ ယခု ၂၀၁၄ ခုနှစ် နှစ်ဆန်းပိုင်းတွင်မူ “အလှည့်ကျတော့ မနွဲ့ရ”ဆိုသည့်အတိုင်း မသန်စွမ်းအားကစားမောင်မယ်များက ဦးဦးဖျားဖျား အစွမ်းပြရမည့် အလှည့်သို့ ရောက်ရှိလာချေပြီ။

တန်းတူညီမျှမှု(Equality)၊ စုစည်းညီညွတ်မှု(Unity)၊ ချစ်ကြည်ရင်းနှီးမှု (Friendship)ဟူသော ရည်ရွယ်ချက် (၃)ရပ်ဖြင့် (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကြီးကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၄ ရက်မှစ၍ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခွင့် ရရှိသည်။ အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲသမိုင်းတွင် ပထမဆုံးအကြိမ် စတင်ကျင်းပခွင့်ရသော အားကစားပြိုင်ပွဲကြီးလည်းဖြစ်သည်။ မသန်စွမ်းအားကစားပြိုင်ပွဲများ ကျင်းပမှုသမိုင်းကို ပြန်ပြောင်းစေ့ငုကြည့်လျှင် ဒုတိယကမ္ဘာစစ်ကြီး (၁၉၃၉-၁၉၄၅)ကြောင့် မသန်စွမ်းဖြစ်ခဲ့ရသော ဗြိတိသျှစစ်ပြန်ကြီးများက ၁၉၄၈ ခုနှစ်မှစ၍ ကမကထပြုခဲ့ကြောင်း သိရသည်။ ဤသို့ဖြင့် ၂၁ ရာစုအစောပိုင်းသို့ ရောက်ရှိလာသည့်အခါ နိုင်ငံတကာအားကစားပြိုင်ပွဲများထဲတွင် ဒုတိယအကြီးမားဆုံး အားကစားပြိုင်ပွဲကြီးတစ်ရပ်ဖြစ်လာသည်။ မသန်စွမ်းအားကစားသမားများသည်လည်း သန်စွမ်းသော အားကစားသမားများနည်းတူ စွမ်းရည်ညီမျှအောင် ကြိုးပမ်းအားထုတ်သူများဖြစ်လာကြသည်။

မသန်စွမ်းအားကစားပြိုင်ပွဲ(Paralympic)ဟူသော ဝေါဟာရမှာ ဂရိဘာသာစကားမှ ဆင်းသက်လာခြင်းဖြစ်ပြီး အင်္ဂလိပ်ဝေါဟာရ “beside or alongside”တို့နှင့် အဓိပ္ပာယ်တူညီခြင်းကြောင့် အိုလံပစ်ပြိုင်ပွဲတွင် ပါဝင်သော အားကစားနည်းများကို ထည့်သွင်းကျင်းပခြင်းဖြစ်သည်။ မသန်စွမ်းအားကစားပြိုင်ပွဲများကို ဆောင်းရာသီပြိုင်ပွဲနှင့် နွေရာသီပြိုင်ပွဲဟူ၍ ကျင်းပခဲ့ကြရာ ၁၉၈၈ ခုနှစ် တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ ကျင်းပသော နွေရာသီအားကစားပြိုင်ပွဲမှစ၍ Paralympic ဟူသော အမည်ကို တရားဝင်ခေါ်ဝေါ်ခြင်းဖြစ်သည်။ အားကစားပြိုင်ပွဲများအားလုံးကို အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများ အားကစားကော်မတီ (International Paralympic Committee-IPC)၏ ကြီးကြပ်မှုဖြင့် ကျင်းပမြဲဖြစ်သည်။

နွေရာသီမသန်စွမ်းအားကစားပြိုင်ပွဲများကို လေးနှစ်တစ်ကြိမ် ကျင်းပသည်ဖြစ်ရာ ၁၉၉၂ ခုနှစ်တွင် စပိန်နိုင်ငံ၊ ၁၉၉၆ ခုနှစ်တွင် အမေရိကန်နိုင်ငံ၊ ၂၀၀၀ ပြည့်နှစ်တွင် သြစတြေးလျနိုင်ငံ၊ ၂၀၀၄ ခုနှစ်တွင် ဂရိနိုင်ငံ၊ ၂၀၀၈ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ၂၀၁၂ ခုနှစ်တွင် ယူနိုက်တက်ကင်းဒမ်းနိုင်ငံတို့တွင် ကျင်းပခဲ့ပြီးဖြစ်သည်။ လာမည့် ၂၀၁၆ ခုနှစ်တွင်မူ ဘရာဇီးနိုင်ငံ၌ ကျင်းပမည်ဟု သိရသည်။ 2012 Landon Paralympic Games ကို အင်္ဂလန်နိုင်ငံ လန်ဒန်မြို့၌ ကျင်းပခဲ့ရာ နိုင်ငံပေါင်း ၁၆၆ နိုင်ငံမှ မသန်စွမ်းအားကစားသမား ၄၂၀၀ တို့က အားကစားနည်း ၁၇ မျိုး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ အဆိုပါ ပြိုင်ပွဲကြီးတွင် မြန်မာနိုင်ငံမှ ဝင်းနိုင်(လုံ့တံပစ်)က နိုင်ငံအလိုက် အဆင့် (၁၃)နှင့် နိုင်စစ်အောင်(မီတာ ၅၀ လိပ်ပြာကူးနှင့် မီတာ ၁၀၀ ပက်လက်ကူး)က နိုင်ငံအလိုက် အဆင့်(၉)ရရှိခဲ့သည်။

ထို့အထူ ၁၉၉၄ ခုနှစ်မှစ၍ လေးနှစ်တစ်ကြိမ် ကျင်းပမြဲဖြစ်သော အရှေ့ဖျားနှင့် တောင်ပစိဖိတ်ဒေသဆိုင်ရာ မသန်စွမ်းအားကစားပွဲတော် (The Far East & South Pacific Games For The Disabled-FESPIC) တွင်လည်း မြန်မာနိုင်ငံက အကြိမ်တိုင်း ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ဆုတံဆိပ်များစွာ ရရှိခဲ့သည်။ အာဆီယံဒေသတွင်းရှိ မသန်စွမ်းသူများ အားကစားအဆင့်အတန်း မြင့်မားတိုးတက်စေရေး၊ ဒေသတွင်းချစ်ကြည်ရင်းနှီးမှုမြှင့်တင်နိုင်ရေးအတွက် အာဆီယံ မသန်စွမ်းသူများအားကစားအဖွဲ့ချုပ် (ASEAN Para Sports Federation- APSF) ကို ၂၀၀၁ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သော မြန်မာနိုင်ငံအနေဖြင့်လည်း အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ကာ နှစ်နှစ်တစ်ကြိမ် ကျင်းပမြဲဖြစ်သော အာဆီယံမသန်စွမ်းသူများ အားကစားပွဲတိုင်းတွင် ပါဝင်ဆင်နွှဲခဲ့သည်။ (၆) ကြိမ်မြောက် အာဆီယံအားကစားပြိုင်ပွဲအထိ လက်ခံကျင်းပခဲ့သော အိမ်ရှင်နိုင်ငံများနှင့် မြန်မာနိုင်ငံက မသန်စွမ်းအားကစားများ၏ ဆုရရှိမှုအခြေအနေကို အောက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်-

| အကြိမ် | ကျင်းပသည့် ခုနှစ် | အိမ်ရှင် နိုင်ငံ | ကျင်းပ သည့်မြို့ | မြန်မာ အားကစား သမား | ဆုတံဆိပ်ရရှိမှု | | | စုစု ပေါင်း |
|---|---|---|---|---|---|---|---|---|
| | | | | | ရွှေ | ငွေ | ကြေး | |
| ၁ | ၂၀၀၁ | မလေးရှား | ကွာလာလမ်ပူ | ၃၁ | ၄၁ | ၂၂ | ၁၂ | ၇၅ |
| ၂ | ၂၀၀၃ | ဗီယက်နမ် | ဟနွိုင်း | ၂၆ | ၂၄ | ၁၂ | ၁၁ | ၄၇ |
| ၃ | ၂၀၀၅ | ဖိလစ်ပိုင် | မနီလာ | ၂၂ | ၂၉ | ၁၃ | ၄ | ၄၆ |
| ၄ | ၂၀၀၈ | ထိုင်း | နာကွန်ရာချာဆီးမား | ၂၅ | ၁၄ | ၁၆ | ၂၁ | ၅၁ |
| ၅ | ၂၀၀၉ | မလေးရှား | ကွာလာလမ်ပူ | ၂၅ | ၁၄ | ၁၉ | ၇ | ၄၀ |
| ၆ | ၂၀၁၁ | အင်ဒိုနီးရှား | ဆိုလို | ၃၆ | ၁၁ | ၉ | ၁၄ | ၃၄ |

အထက်ပါ ဇယားအရ (၅)ကြိမ်မြောက် မသန်စွမ်းအားကစားပြိုင်ပွဲအထိ မြန်မာအားကစားအဖွဲ့ စုစုပေါင်း ဆုတံဆိပ်ရရှိမှု အရေအတွက်က ပါဝင်ယှဉ်ပြိုင်သော အားကစားသမားအရေအတွက်ထက် သာလွန်နေသည်ကို တွေ့ရပါမည်။ မြန်မာအသင်းအနေဖြင့် မြားပစ်၊ ပြေးခုန်ပစ်၊ ဘိုစီယာ၊ စစ်တုရင်၊ ခုနစ်ယောက်တစ်ဖက် ဘောလုံး၊ ငါးယောက်တစ်ဖက်ဘောလုံး၊ ဂိုးလ်ဘော၊ အလေးမ၊ ရေကူး၊ စားပွဲတင်တင်းနစ်၊ ထိုင်လျက်ဘော်လီဘော၊ ဘီးတပ်ဘတ်စကက်ဘော စသည့် ပြိုင်ပွဲအမျိုးအစားအားလုံးတွင် ယှဉ်ပြိုင်မှု မပြုနိုင်သော်လည်း ပါဝင်ယှဉ်ပြိုင်နိုင်သည့် အားကစားအမျိုးအစားတိုင်းလိုလိုတွင် ဆုတံဆိပ်များရရှိအောင် ယှဉ်ပြိုင်နိုင်ခဲ့ကြသည်။

အင်ဒိုနီးရှားနိုင်ငံ ဆိုလိုမြို့တွင်ကျင်းပခဲ့သည့် ၂၀၁၁ ခုနှစ် (၆)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပွဲကြီးတွင်မူ အားကစားနည်း ၁၁ မျိုးအနက် ခြောက်မျိုးကို အားကစားသမား ၃၆ ဦးတို့ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ပြေးခုန်ပစ်၊ ရေကူး၊ မျက်မမြင်၊ စစ်တုရင်၊ စားပွဲတင်တင်းနစ်နှင့် ဘော်လီဘောပြိုင်ပွဲတို့၌ ရွှေတံဆိပ် ၁၁ ခု၊ ငွေတံဆိပ် ကိုးခု၊ ကြေးတံဆိပ် ၁၄ ခု စုစုပေါင်း ဆုတံဆိပ် ၃၄ ခုရရှိကာ ပြိုင်ပွဲဝင် ၁၁ နိုင်ငံအနက် အဆင့် (၆)နေရာကို ရရှိခဲ့သည်။ ခြုံငုံသုံးသပ်ကြည့်လျှင် ယှဉ်ပြိုင်သူဦးရေ ၂၀၀ ကျော်သော ထိုင်းနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံ၊ ယှဉ်ပြိုင်သူဦးရေ ၁၀၀ ကျော်သော မလေးရှားနှင့် ဗီယက်နမ်နိုင်ငံတို့ကဲ့သို့သော အင်အားကြီးမားသော အသင်းများကြားတွင် နိုင်ငံအလိုက် အဆင့်(၆)ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်မှာ ဝမ်းမြောက်ဂုဏ်ယူဖွယ်ကောင်းလှသည်။

မကြာမီ ကျင်းပတော့မည့် (၇) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကြီးတွင် မြန်မာအသင်းအဖို့ ကိုယ့်မြေ၊ ကိုယ့်ဒေသ၊ ကိုယ့်အားကစားကွင်း၊ ကိုယ့်ပရိသတ်ရှေ့၌ အင်ပြည့်အားပြည့်ပါဝင်ယှဉ်ပြိုင်အနိုင်ကြဲရမည့် ပွဲကြီးဖြစ်သည်။ အုပ်ချုပ်သူနည်းပြအပါအဝင် မသန်စွမ်းအားကစားသမား ၂၇၀ တို့က ပြေးခုန်ပစ်၊ ရေကူး၊ စစ်တုရင်၊ ဘော်လီဘော၊ ဘီးတပ်ဘတ်စကက်ဘော စသည့် အားကစားနည်းခုနစ်မျိုးကို ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဟု သိရသည်။ ပြိုင်ပွဲဝင်အားကစားသမား ပိုမိုလာသည်နှင့်အမျှ ယခင် (၆)ကြိမ်ကထက် စံချိန်ကျိုးအောင် မြန်မြန်ပြေး၊ ဝေးဝေးပစ်၊ မြင့်မြင့်ခုန်၊ မြန်မြန်ကူးနိုင်လိမ့်မည်ဟု ယုံကြည်မျှော်လင့်မိပါသည်။

“မသန်လည်းလူ၊ သန်လည်းလူ၊ စွမ်းဆောင်မှုသာ အဓိက” ဖြစ်ပေရာ ရှေးယခင်ကတည်းက “မသန် မစွမ်း”ဟူ၍ နှုတ်ကျိုးနေသည့် အခေါ်အဝေါ် အသုံးအနှုန်းကို လုံးဝခေါ်ဝေါ်သုံးစွဲခြင်း မပြုကြဘဲ ပိုနေသည့် “မ”တစ်လုံးကို ဖြုတ်ကာ “မသန်စွမ်း”ဟုသာ ခေါ်ဝေါ်ပြောဆိုကြရန် အနူးအညွတ် မေတ္တာရပ်ခံလိုပါသည်။ မသန်စွမ်းအားကစားမောင်မယ်များကလည်း “မသန်သော်လည်း စွမ်းပါသည် နိုင်ငံ့ဂုဏ်ကို မြှင့်တင်မည်” ဟူသော ဖွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ပြိုင်ဘက်များအပေါ် ရေကုန်ရေခန်း ကြိုးစားယှဉ်ပြိုင်ကြဖို့လိုသည်။ ပြိုင်ပွဲအမျိုးအစားတိုင်းတွင် ထည်ထည်ဝါဝါ ဝံ့ဝံ့စားစား ယှဉ်ပြိုင်အနိုင်ယူကြရပေမည်။ ပွဲစဉ်တိုင်း နိုင်ငံတော်သီချင်းကို သံပြိုင်သီကျူးကာ ကိုယ့်နိုင်ငံ၏ အလံတိုင်ထိပ်ကို လွှင့်ထူနိုင်အောင် ကြိုးပမ်းကြရမည်။ (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားတွင် နိုင်ငံတော်ဒုတိယသမ္မတ ဦးညဏ်ထွန်းက “လာမည့်နှစ်ဦးတွင် ကျင်းပတော့မည့် (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲမှ အားကစားသမား မောင်မယ်များအတွက်လည်း အောင်မြင်ပါစေကြောင်း” ဆုမွန်ကောင်းတောင်းပေးကြရန် တိုက်တွန်းနှိုးဆော်ထားပါသည်။ သို့ဖြစ်ရာ တန်းတူညီမျှမှု၊ စုစည်းညီညွတ်မှု၊ ချစ်ကြည်ရင်းနှီးမှုတို့ကို အပြည့်အဝ ဖော်ဆောင်ကျင်းပတော့မည့် (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကြီးတွင် မြန်မာနိုင်ငံ မသန်စွမ်းအားကစားအသင်း အောင်ပွဲဆင်နိုင်ရေးအတွက် မိဘပြည်သူတစ်ရပ်လုံးက စာနာဆပွား အလေးထားကာ တစ်ခဲနက် အားပေးချီးမြှောက်ကြပါစို့။ ။

# မြန်မာမသန်စွမ်း(သံလုံးပစ်)အားကစားသမားများ ရွှေမျှော်မှန်း၊ ပြင်းထန်စွာလေ့ကျင့်

နေပြည်တော် ဒီဇင်ဘာ ၃၀

**မြန်မာနိုင်ငံမှ (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ရာ မြန်မာမသန်စွမ်းအားကစားသမားများ(ပြေးခုန်ပစ်)အဖွဲ့သည် နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လေ့ကျင့်ရေးကွင်းများသို့ ရောက်ရှိလေ့ကျင့်လျက်ရှိကြောင်း သိရသည်။**

မြန်မာမသန်စွမ်း(ပြေးခုန်ပစ်)အဖွဲ့သည် အမျိုးသား ၄၁ ဦး၊ အမျိုးသမီး ၁၇ ဦး စုစုပေါင်း ၅၈ ဦး ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်သည်။ ပြိုင်ပွဲတွင် ကျန်းမာရေးဆေးအဆင့် သတ်မှတ်ချက်အရ ပြိုင်ပွဲဝင်အဆင့်ခွဲခြားသတ်မှတ်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အဆင့်အလိုက်ရွှေတံဆိပ်ရရှိရေး ပြင်းထန်စွာ လေ့ကျင့်လျက်ရှိရာ မြန်မာမသန်စွမ်းအားကစား (သံလုံးပစ်)အားကစားနည်းအတွက် မြန်မာမသန်စွမ်းအားကစားအဖွဲ့ချုပ်မှ တာဝန်ယူ၍ ဝဏ္ဏသိဒ္ဓိ လေ့ကျင့်ရေးကွင်း(၁)၌ လေ့ကျင့်လျက်ရှိကြောင်း သိရသည်။



“ကျွန်မတို့ မသန်စွမ်းအားကစားသမားတွေအတွက် နိုင်ငံတော်မှထောက်ပံ့ပေးသလို ပုဂ္ဂလိကအလှူရှင်များကလည်း အလှူငွေတွေ ထောက်ပံ့ပေးအပ်တဲ့အတွက် ကျွန်မတပည့်ကလေးတွေက အလွန်ဝမ်းသာနေသလို ကျွန်မကိုယ်တိုင်လည်း ဝမ်းသာကြည်နူးမိပါတယ်”ဟု နည်းပြဆရာမဒေါ်အေးအေးနွယ်က ရင်တွင်းစကားပြောကြားခဲ့သည်။

**ကျော်သူရ(နေပြည်တော်)**



# ကမ္ဘာလှည့်ခရီးသည်များ သန်လျင်မြို့သို့ အလည်များ

**ရန်ကုန် ဒီဇင်ဘာ ၃၀**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအပြီး နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်များသည် သန်လျင်နှင့် ကျောက်တန်းမြို့နယ်များသို့ လာရောက်လေ့လာလျက်ရှိရာ ဒီဇင်ဘာ ၂၉ ရက် နံနက် ၁၀ နာရီက သန်လျင်မြို့ မြို့မဈေးအတွင်း ကမ္ဘာလှည့်ခရီးသည်များ ဝင်ရောက်လေ့လာကြည့်ရှု၍ ဈေးဝယ်နေကြသည်ကိုတွေ့မြင်ခဲ့ရသည်။

**သက်ခိုင်(IPRD)**

# ၂၀၁၄ – ၂၀၁၅ ပညာသင်နှစ် အလယ်တန်းအဆင့်တွင် ကျောင်းလခနှင့် အခြားသတ်မှတ်ငွေကြေးများ ကောက်ခံခြင်းမပြုတော့ဘဲ ကျောင်းသုံးဖတ်စာအုပ်များ အခမဲ့ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၃၀**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပသည့် ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ထူးချွန်ဆုများ ချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

အခမ်းအနားကို အခြေခံပညာအထက်တန်းကျောင်းသားကျောင်းသူလေးများက မြန်မာ့ကျောင်းသီချင်းဖြင့် သီဆိုဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ခေတ္တပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးမြင့်က အခြေခံပညာကဏ္ဍတွင် မသင်မနေရ မူလတန်းပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရေး၊ ပညာသင်ယူမှု အခွင့်အလမ်းများ ပိုမိုတိုးမြင့်ရရှိရေးအတွက် မသင်မနေရ မူလတန်းပညာရေးစနစ်ကို ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုပညာသင်နှစ်တွင်လည်း နိုင်ငံတော်က မူလတန်းအဆင့်ကျောင်းသားကျောင်းသူများအားလုံးကို ကျောင်းသုံးဖတ်စာအုပ်များနှင့် လေ့ကျင့်ခန်းစာအုပ်များ အခမဲ့ဖြန့်ဝေမှုနှင့်အတူ သတ်မှတ်ငွေကြေးများဖြင့် ထောက်ပံ့ပေးခဲ့ပါကြောင်းဖြင့် ဂုဏ်ပြုအမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက လာမည့် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင်လည်း အလယ်တန်းအဆင့်အထိ အခမဲ့ပညာရေးဖြစ်စေရန် ရည်ရွယ်ကာ အလယ်တန်းအဆင့်တွင် ကျောင်းလခနှင့် အခြားသတ်မှတ်ငွေကြေးများကောက်ခံခြင်းမပြုတော့ဘဲ ကျောင်းသုံးဖတ်စာအုပ်များ အခမဲ့ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အခြေခံပညာအဆင့်တွင်လည်း သင်ယူမှုအခွင့်အလမ်းများ တိုးမြင့်ရရှိရေးအတွက် အခြေခံပညာကျောင်းများ၏ အရည်အသွေးမြင့်မားစေရန် ကမ္ဘာ့ဘဏ်မှ အတိုးမဲ့ချေးငွေ ဒေါ်လာသန်းခြောက်ဆယ်နှင့် ၂၀၁၄-၁၅မှ ၂၀၁၆-၁၇ ပညာသင်နှစ်အထိ သုံးနှစ်ကာလအတွင်းတွင် ပညာသင်ထောက်ပံ့ကြေးနှင့် ကျောင်းထောက်ပံ့ကြေးပေးမည့်အစီအစဉ်များ၊ စွမ်းရည်မြင့်မားရေးသင်တန်းများပို့ချပေးမည့် အစီအစဉ်များကို ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ဆက်လက်ပြောကြားခဲ့သည်။



**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ခင်းကျင်းပြသထားသည့် ပညာရေးဖွံ့ဖြိုးမှုပြခန်းကို လှည့်လည်ကြည့်ရှုအားပေးစဉ်။** (သတင်းစဉ်)

ထို့နောက် အခြေခံပညာအထက်တန်းကျောင်းသား ကျောင်းသူလေးများက ပညာရည်ထူးချွန် လူရည်မွန် သီချင်းဖြင့် သီဆိုဂုဏ်ပြုကြသည်။

ယင်းနောက် ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ သိပ္ပံဘာသာတွဲနှင့် ဝိဇ္ဇာဘာသာတွဲတို့တွင် ထူးချွန်စွာအောင်မြင်ကြသည့် ကျောင်းသားကျောင်းသူများအား ခေတ္တပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးမြင့်က လည်းကောင်း၊ အခြေခံပညာအဆင့်အင်္ဂလိပ်စာနှင့် သင်္ချာဘာသာရပ် စွမ်းရည်ပြိုင်ပွဲတွင် အင်္ဂလိပ်စာထူးချွန်ဆုရ ကျောင်းသားကျောင်းသူများအား ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က လည်းကောင်း၊ သင်္ချာဘာသာရပ် စွမ်းရည်ပြိုင်ပွဲတွင် သင်္ချာထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ပြည်ထောင်စုဝန်ကြီး ဦးမြတ်ဟိန်းက လည်းကောင်း ဆုတံဆိပ်များနှင့် ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ကြပြီး ဆုရရှိသူများနှင့်အတူ အမှတ်တရမှတ်တမ်းတင်ဓာတ်ပုံများရိုက်ကြသည်။

ထို့နောက် အခြေခံပညာအထက်တန်း ကျောင်းသား ကျောင်းသူလေးများက ဘက်စုံပညာကိုရည် တို့လှမ်းချီ သီချင်းဖြင့် သီဆိုဂုဏ်ပြုကြသည်။

ယင်းနောက် ဗဟိုအဆင့်နှင့် အခြေခံပညာအဆင့် စကားရည်လုပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲနှင့် နိုင်ငံတကာပန်းချီပြိုင်ပွဲ၊ ASEAN Quiz နှင့် Myanmar ICT Award ပြိုင်ပွဲများတွင် ထူးချွန်ဆုရဆုရာမများနှင့် ကျောင်းသား ကျောင်းသူများအား ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ အားကစားပြိုင်ပွဲများနှင့် (၂၇)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိသူများအား ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က လည်းကောင်း ဆုတံဆိပ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြကာ ဆုရရှိသူများနှင့်အတူ အမှတ်တရမှတ်တမ်းဓာတ်ပုံများ ရိုက်ကြသည်။

ထို့နောက် အခြေခံပညာကျောင်းသားကျောင်းသူလေးများက ဇာတိမာန်သီချင်းကို သီဆိုဖျော်ဖြေကြပြီး အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ခင်းကျင်းပြသထားသည့် ပညာရေးဖွံ့ဖြိုးမှုပြခန်းကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

**(သတင်းစဉ်)**

## ❖ ၂၀၁၃ ခုနှစ်မှ

နောက်ထပ်ထူးခြားမှုများကို တင်ပြရလျှင် ဝင်ဘလေကွင်းကြီး၌ ယှဉ်ပြိုင်ကစားခဲ့သော ကမ္ဘာ့ဖလား ဝင်ခွင့်ပြိုင်ပွဲဖြစ်သည့် အင်္ဂလန်အသင်းနှင့် မော်ဒိုဗာအသင်းတို့ ပွဲစဉ်တွင် ဒန်နီဝဲလ်ဘက်က အင်္ဂလန်အသင်းအတွက် နှစ်ဂိုး သွင်းယူပေးနိုင်ခဲ့သည်။ ထို့အပြင် စက်တင်ဘာ ၇ ရက်တွင် ဂျပန်နိုင်ငံသည် ၂၀၂၀ အိုလံပစ်ပြိုင်ပွဲအတွက် မဲပေးရွေးချယ်ခဲ့ရာ မဲအရေအတွက် ၆၀-၃၆ ဖြင့် အစ္စတန်ဘူလ်ကို အနိုင်ရရှိကာ ဂျပန်နိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပခွင့်ရရှိခဲ့သည်။ ယင်းအပြင် အမေရိကန် တင်းနစ်မယ် ဆရီနာဝီလျံသည် အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲ၏ အမျိုးသမီး တင်းနစ်ပြိုင်ပွဲတွင် အဇာရန်ကာကို ၇-၅၊ ၆-၇(၆-၈)၊ ၆-၁ ဖြင့် အနိုင်ရရှိကာ ဖလားဆွတ်ခူးနိုင်ခဲ့သည်။

ထို့နောက် စက်တင်ဘာ ၁၄ ရက်တွင် လာလီဂါပွဲစဉ်အဖြစ် ရီးယဲလ်မက်ဒရစ်အသင်းနှင့် ဗီလာရီးယဲလ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့ပြီး ဂါရတ်ဘေးလ်က ပထမဆုံးဂိုးကိုရီးယဲလ်အတွက် သွင်းယူပေးနိုင်ခဲ့သည်။

ထို့အပြင် စက်တင်ဘာ ၁၇ ရက်တွင် မန်ယူတိုက်စစ်မှူး ရွန်းနီသည် လေဗာကူဆင်အား သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ်တွင် မန်ယူအသင်းအတွက် သွင်းဂိုး ၂၀၀ မြောက်သွင်းယူနိုင်ခဲ့သည်။ စသည်ဖြင့် ထူးခြားမှုများ ဖြစ်ပေါ်ခဲ့သည်။

## ❍ လပွတ္တာမှ

အိမ်ဆောက်ပစ္စည်းဆိုင်တို့အား ကူးစက်လောင်ကျွမ်းခြင်းဖြစ်သည်။မီးလောင်ရာသို့ ခရိုင်၊ မြို့နယ်မှ တာဝန်ရှိသူများ၊ လပွတ္တာမြို့နယ်မီးသတ်မှ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်ပြည်သူများ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များဖြင့် ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ရာ နံနက် ၅ နာရီ မိနစ် ၂၀ တွင် မီးထိန်းနိုင်ခဲ့ပြီး နံနက် ၆ နာရီတွင် မီးငြိမ်းသွားကြောင်း သိရသည်။ **(အောက်ပုံ)**

မီးလောင်ကျွမ်းမှုကြောင့် အိမ်ထောင်စု ၂၅၁ စုမှ မိသားစုဝင် ၁၁၈၂ ဦးတို့ အိုးမဲ့အိမ်မဲ့ဖြစ်သွားပြီး မီးဘေးသင့်သူများအား မဟာအောင်မြေစံ ဘုန်းကြီးကျောင်းတွင် ကယ်ဆယ်ရေးစခန်းဖွင့်လှစ်၍ ကူညီစောင့်ရှောက်ထားကြောင်း သိရသည်။

မီးဘေးဒုက္ခသည်များကို ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်း ခြောက်မျိုးဖြစ်သော ဒန်အိုးဒန်ခွက်၊ ဇလုံ၊ ဆပ်ပြာ၊ မဝတ်/ကျားဝတ်၊ ရေသန့်နှင့် စောင်တို့ဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဘဏ္ဍာရေးဝန်ကြီး ဦးဝင်းကိုကိုက ပေးဝေထားကြောင်း ကနဦး သတင်းရရှိသည်။ **(ကြေးမုံ)**



## ■ တက္ကသိုလ်မှ

ယာယီနေရာချထားသော ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ်နှင့် အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်မှ ကျောင်းသူများကို အင်းယားလမ်းရှိ အဆောင်သစ်သို့ လည်းကောင်း၊ ရွှေဘိုဆောင်ရှိ ရန်ကုန်တက္ကသိုလ်မှ ကျောင်းသူများကို လစ်လပ်သွားသော အင်းလျားဆောင်သို့လည်းကောင်း၊ ပြောင်းရွှေ့နေရာ ချထားပေးမည်ဖြစ်ကြောင်းနှင့် ကျန်အဆောင်များ နေရာချထားရေးကိုလည်း ဆက်လက်စီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

**စာပေမြင့်မှ လူမျိုးတင့်မည်**



# ပညာရေးနှင့် အားကစား

**ခင်မောင်ဌေး(ပညာရေး)**

နယ်မှကျောင်းဆရာမိတ်ဆွေတစ်ဦးနှင့် စကားပြောဖြစ်သည်။ ယင်းမိတ်ဆွေမှာ ခရိုင်အဆင့်အထိ ဘော်လီဘော လက်ရွေးစင်တစ်ဦးဖြစ်ခဲ့ဖူးသည်။

အနှီမိတ်ဆွေက (၂၇)ကြိမ်မြောက်ဆီးဂိမ်းပြိုင်ပွဲကြီးအကြောင်း အားရပါးရ ပြောကြားရင်း ယင်းပြိုင်ပွဲကြီးကိုအမီပြု၍ နေပြည်တော်တွင် နိုင်ငံတကာအဆင့်မီအားကစားကွင်းကြီးများ၊ ခန်းမကြီးများ၊ အားကစားရွာ စသဖြင့် တည်ဆောက်နိုင်ခဲ့ခြင်းကိုလည်း ဂုဏ်ယူမဆုံးဖြစ်နေသူတစ်ဦးဖြစ်သည်။ ကျောင်းဆရာပီပီ အားကစားကိုပညာရေးနှင့် ညီညွတ်မျှတစွာပေါင်းစည်းလိုသောသူ၏ဆန္ဒများကိုလည်း သိရ၏။

စင်စစ် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကြီးသည် နိုင်ငံအတွက် အားကစားနှင့် ပတ်သက်၍လိုအပ်နေသော အခြေခံအဆောက်အအုံများ (Infrastructure) ကို ဖြည့်စွမ်းနိုင်ခြင်းဖြစ်၏။ အနာဂတ်မျိုးဆက်များအတွက် အားကိုးအားထားပြုလေ့ကျင့်စရာနေရာများအဖြစ်လည်းဖြစ်၏။ မကြာမီကျင်းပမည့် (၇)ကြိမ်မြောက် မသန်စွမ်းအားကစားပြိုင်ပွဲကြီးကိုလည်း နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်းကြီးတွင် ကျင်းပနိုင်မည်ဖြစ်၏။

ပြည်သူတစ်ရပ်လုံးအနေဖြင့် (၂၇)ကြိမ်မြောက်ဆီးဂိမ်းပြိုင်ပွဲကြီးမှသည် (၂၈)ကြိမ်မြောက်ကျင်းပမည့် ဆီးဂိမ်းပြိုင်ပွဲတွင်လည်း နိုင်ငံ့ဂုဏ်ကိုဆောင်စေလိုလှသည်။ ထိုနည်းအတူ ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲများအထိ အဆင့်မီမီပြိုင်ပွဲဝင်၍ အောင်ဆုများယူစေချင်လှပါသည်။ ယခု (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကြီးမှရရှိခဲ့သည့် အားကစားစိတ်ဓာတ်နှင့်အတူ ညီညွတ်မှုအားကိုလည်း ဆက်လက်သယ်ပိုးစေလိုလှပါသည်။

စင်စစ်အားကစားလောက အစဉ်ရှင်သန်ဖွံ့ဖြိုးတိုးတက်စေဖို့သည် အားကစားသမားမျိုးဆက်သစ်များ စဉ်ဆက်မပြတ်မွေးထုတ်နိုင်ဖို့ပင်ဖြစ်သည်။ ရုပ်ဝတ္ထုအားဖြင့် ပြည့်စုံနေလင့်ကစား လူ့စွမ်းအားအရင်းအမြစ်များပေါ်ထွက်လာဖို့ဆိုသည်မှာ ပညာရေးနှင့် အားကစားကို မျှတစွာပေါင်းစည်းပေးနိုင်မှသာလျှင် ဖြစ်ပေလိမ့်မည်။ ဤသို့သောမျိုးဆက်သစ်များပေါ်ထွန်းလာနိုင်ရန် အခြေခံကျောင်းများတွင် အားကစားလှုပ်ရှားမှုများနှင့်ပတ်သက်၍ သင့်တင့်မျှတသည့် သင်ရိုးညွှန်းတမ်းများထည့်သွင်းရေးဆွဲကာ ကျောင်းတွင်းပြေးခုန်ပစ်ပြိုင်ပွဲများ၊ ကျောင်းပေါင်းစုံအားကစားပြိုင်ပွဲများ ကျင်းပပေးနိုင်ရန် အထူးပင်လိုအပ်လာပြီဖြစ်သည်။ အခြေခံပညာကျောင်းများတွင်လည်း ကာယဆရာဆရာမများကို လိုအပ်ချက်နှင့်အညီ ခန့်ထားနိုင်ဖို့ လိုပါသည်။ဤသို့ ခန့်ထားရာတွင် တစ်ဆင့်တိုးရာထူးလိုချင်၍ ခြေပြောင်းလက်ပြောင်းတတ်ရုံဖြင့် ကာယနည်းပြဆရာ ဆရာမအဖြစ် ခန့်အပ်ခြင်းထက် အားကစားလှုပ်ရှားမှုများတွင် အမှန်တကယ် စိတ်ဝင်စား၍ အားကစားနည်းတစ်မျိုး (ဝါ) နှစ်မျိုး၊သုံးမျိုးကို ကျွမ်းကျင်ပိုင်နိုင်စွာ ကစားတတ်သူ၊ စည်းမျဉ်းစည်းကမ်းနားလည်သူများကိုသာ ဦးစားပေးခန့်ထားရန် သင့်လှသည်။ ဆိုလိုသည်မှာ ပညာအရည်အချင်း ဦးစားပေးရွေးချယ်ခြင်းထက် ကျွမ်းကျင်ပိုင်နိုင်မှုရှိသည့် အားကစားလှုပ်ရှားနိုင်မှုအပေါ် စိစစ်ရွေးချယ်သင့်ခြင်းပင်ဖြစ်သည်။

မြို့နယ်များတွင်လည်း အားကစားမှူးများ ခန့်ထားလေ့ရှိ၏။ ဤသို့ ခန့်ထားရာတွင်လည်း မြို့နယ်၊ ဒေသ အခြေအနေနှင့် လိုက်ဖက်သည့် အနေအထားမျိုးဖြင့် ချင့်ချိန်ခန့်ထားသင့်ကြောင်း နယ်မှအားကစားသမားမိတ်ဆွေ ဆရာက ပြောပြ၏။ သူတို့မြို့သည် ဘောလုံးနှင့် ဘော်လီဘောအားကစားထက်သန်သောမြို့ဖြစ်သည်။ တစ်နယ်လုံးလည်း ဤသို့ဖြစ်သည်ဟု ဆိုသည်။ သို့အတွက် နှစ်စဉ်ဘောလုံးပြိုင်ပွဲများ၊ ဘော်လီဘောပြိုင်ပွဲများ စဉ်ဆက်မပြတ် စည်ကားစွာကျင်းပလေ့ရှိကြောင်းသိရ၏။ ခန့်ထားသည့် မြို့နယ်အားကစားမှူးမှာ ဟော်ကီအားကစားသမားတစ်ဦးဖြစ်ကြောင်း၊ ထို့ကြောင့် ဘောလုံး၊ ဘော်လီဘောတွင်စိတ်ဝင်စားမှု မရှိဘဲ ပြိုင်ပွဲများ ကျင်းပရာသို့ပင် လာရောက်အားပေးကြည့်ရှုခြင်းမရှိကြောင်း သိရပြန်၏။ ဟော်ကီကွင်းမရှိ၊ စိတ်ဝင်စားမှုမရှိသော ဤမြို့ကလေးတွင် ဘောလုံး၊ ဘော်လီဘော ဝါသနာပါသူ အားကစားမှူးတစ်ဦးကိုသာခန့်ထားပေးနိုင်ခဲ့လျှင် မိမိတို့မြို့ကလေးမှ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကောင်းများ ထွက်ရှိနိုင်ကြောင်း ပြောပြ၏။ ၎င်းတို့မြို့ကလေးမှ တိုင်းဒေသကြီး ဘောလုံးလက်ရွေးစင်သမား လှဖေ၊ မြန်မာ့လက်ရွေးစင် ဘောလုံးသမား စောဝင်း စသူတို့ ထွက်ရှိဖူးကြောင်း သိရ၏။

ထို့ကြောင့် မြန်မာ့အားကစားသည် ဒေသတွင်း နိုင်ငံများ၏ ထိပ်ဆုံးတွင်ရောက်ရှိရေး၊ တစ်ဆင့်တက်လှမ်း၍ ကမ္ဘာ့အိုလံပစ် အားကစားပြိုင်ပွဲများတွင် ကမ္ဘာ့အိုလံပစ်အားကစားနည်းများအား ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် မျိုးဆက်သစ်များပါဝင်အားဖြည့်လာနိုင်ရေးသည် အခြေခံပညာရေးတွင် ကလေးများ၏ အားကစားလှုပ်ရှားမှုစွမ်းရည်များကို ငယ်စဉ်ကပင် ပြသနိုင်မည့်အခွင့်အရေးများကို ဖော်ထုတ်ပေးနိုင်ရမည်ဖြစ်သည်။ ရုပ်ဝတ္ထုပစ္စည်းအဆောက်အအုံများ တိုးတက်လာသည်နှင့်အညီ-

- တစာစာဟစ်ကြွေးနေရသည့် ကျောင်းသင်ခန်းစာများမှ ညီညွတ်မျှတသည့် အားကစားလှုပ်ရှားနိုင်မှုများကို အချိုးကျထည့်သွင်းရေးဆွဲရန်၊
- နိုင်ငံတကာသို့တန်းဝင်နိုင်မည့် အားကစားနည်းတစ်မျိုးမျိုးကို ပိုင်နိုင်ကျွမ်းကျင်လျက် စိတ်ဝင်တစားရှိသည့် ကာယနည်းပြများကိုခန့်ထားရန်၊
- အခြေခံပညာကျောင်းအဆင့်အားကစားပြိုင်ပွဲများကို ကျင်းပ၍ ထူးချွန်သူများကိုရွေးချယ်ပြုစုပျိုးထောင်ရန် (ဝါ) အားကစားသင်တန်းများ၊ ကျောင်းများ၊ တက္ကသိုလ်များတွင် ဆက်လက်သင်ယူနိုင်စေရန်၊
- မြို့နယ်အဆင့်၊ ခရိုင်အဆင့်အားကစားယှဉ်ပြိုင်ပွဲများကိုလည်း ဒီဇင်ဘာ၊ ဇန်နဝါရီလများတွင် ရှေးယခင်က ကျင်းပနိုင်သကဲ့သို့ ဖော်ထုတ်ဆောင်ရွက်ရန်၊
- မြို့နယ်၊ ခရိုင်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် လိုက်လျောညီထွေစွာစွမ်းဆောင်နိုင်မည့် အားကစားမှူးများစိစစ်ခန့်ထား၍ မိမိတို့ဒေသအလိုက် လိုက်ဖက်သည့်အားကစားနည်းများကို ကျယ်ကျယ်ပြန့်ပြန့်အင်တိုက်အားတိုက်ဆောင်ရွက်လာကြမည်ဆိုလျှင် အားကစားလောကမှ နိုင်ငံ့အတွက်ဂုဏ်ဆောင်ပေးနိုင်မည့် အားကစားသမားကောင်းမောင်မယ်များစွာ ပေါ်ထွက်လာနိုင်မည်ဖြစ်ကြောင်း စေတနာဖြင့် အကြံပြုရေးသားတင်ပြအပ်ပါသည်။ ။



## ဓားခြစ်ပန်းချီကားများအား စိတ်ဝင်တစားကြည့်ရှု

**ရန်ကုန် ဒီဇင်ဘာ ၃၀**

နှလုံးသား၏ ခံစားမှုပုံရိပ်တို့ကို ပုံဖော်ရေးဆွဲနေသူ မော်ဒန်ဓားခြစ်ပန်းချီဆရာတစ်ဦး၏ ပန်းချီကားများအား နိုင်ငံခြားသားများနှင့် ပြည်သူများက စိတ်ဝင်တစား ကြည့်ရှုနေသည်ကို ဒီဇင်ဘာ ၂၉ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ ဗိုလ်တထောင်ဘုရားလမ်း၌ တွေ့ရသည်။**(အပေါ်ပုံ)**

“ရေဆေးနှင့် ဆီဆေးပေါင်းစပ်ပြီး Art-Paper ပေါ် ဓားပါးလေးတွေနဲ့ ခြစ်ပြီး ပုံဖော်ရေးဆွဲရတဲ့အတွက် မော်ဒန်ဓားခြစ်ပန်းချီလို့ခေါ်ကြတယ်။ ရေဆေးက အရောင်ကိုတောက်ပစေပြီး ဆီဆေးက အရောင်ကိုလျင်မြန်စွာ ခြောက်သွေ့စေတယ်။ ဒီလိုနည်းနဲ့ ရေးဆွဲထားတဲ့ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ် အထိမ်းအမှတ်အဖြစ် ထင်ရှားကျော်ကြားတဲ့ စေတီပုထိုးတွေ၊ ကျေးလက်ဒေသ သဘာဝအလှရှုခင်းတွေ၊ တောင်သူလယ်သမားများနဲ့ ရေလုပ်သားကြီးတို့ရဲ့ ဘဝနေထိုင်မှု ပုံရိပ်တို့ကို ဖော်ကျူးရေးဆွဲထားတဲ့ မြန်မာ့ဓားခြစ် ပန်းချီကားများကို နိုင်ငံခြားသား ခရီးသွားအများစုက ကြိုက်နှစ်သက်ပြီး ဝယ်ယူသည့်အပြင် အမှတ်တရဓာတ်ပုံတွေရိုက်ကြတယ်။ တစ်နေ့ကို ပန်းချီကားခုနစ်ချပ်လောက် ရောင်းရတယ်။ ဈေးနှုန်းတွေကတော့ ရေးဆွဲမယ့်ပန်းချီကားရဲ့ အရွယ်အစားပေါ် မူတည်ပြီးယူထားတယ်။ တစ်ချပ်ရေးဆွဲရင် ၁၅ မိနစ်လောက်အချိန်ပေးရတယ်။ ဒါကလည်း ပန်းချီကားပေါ်မှာမူတည်ပြီး အချိန်ပိုပေးရတာမျိုးလည်းရှိတယ်။ အသက်ကလည်းကြီးလာပြီဆိုတော့ လောဘလည်းနည်းလာတယ်။ ကိုယ်တတ်ထားတဲ့အတတ်ပညာနဲ့ ကိုယ့်နိုင်ငံက ယဉ်ကျေးမှုအမွေအနှစ်တွေနဲ့ နိုင်ငံရဲ့ သဘာဝအလှ၊ ဓလေ့စရိုက်ပုံရိပ်တွေကို ပြည်သူတွေနဲ့ နိုင်ငံခြားသားတွေကို ရေးဆွဲပြနိုင်တဲ့အတွက် အဘကတော့ ဂုဏ်ယူပါတယ်”ဟု အဆိုပါ ဓားပန်းချီပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုသူ ပန်းချီဆရာကပြောသည်။

**ဇော်ကြီး(ပဏီတ)**

**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၃၄)၊ စံပြရပ်ကွက်**
**မြန်မာ့သစ်လုပ်ငန်းဓမ္မာရုံ**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၃၄)စံပြရပ်ကွက်၊ မြေကွက်အမှတ် (၈၇၄/၈၇၅)၊ ပင်လုံလမ်းရှိ မြန်မာ့သစ်လုပ်ငန်းဓမ္မာရုံအား ဖျက်သိမ်း ရောင်းချမည်ဖြစ်ပါ၍ ဖျက် သိမ်းဝယ်ယူလိုသူများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) အဆောက်အအုံ- (၁) တစ်ထပ်အုတ်ညှပ်အဆောက်အအုံ (၁)လုံးနှင့်
ဂါလန် ၈၀၀ဆံ့သစ်သားရေစင် (၁)ခု
(၂) နှစ်ထပ်အုတ်ညှပ်အဆောက်အအုံ (၁)လုံး
(ခ) တင်ဒါလျှောက်လွှာနှင့်စည်းကမ်းချက်ရောင်းမည့်နေ့- ၁-၁-၂၀၁၄ မှ ၈-၁-၂၀၁၄ထိ
နံနက် ၉နာရီမှ ၁၂နာရီ
(ဂ) တင်ဒါဖွင့်လှစ်မည့်နေ့- ၈-၁-၂၀၁၄ရက်၊ မွန်းတည့် ၁၂နာရီ

အိတ်ဖွင့်တင်ဒါ လျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် ၁၀၀၀ဝိ/- (ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် အဆိုပါဓမ္မာရုံတွင် ဝယ်ယူနိုင်ပါသည်။

လေလံကော်မတီ၊ ဖုန်း-၀၉-၄၂၀၀၀၈၂၇၆၊ ၀၉-၅၀၃၈၄၉၃




**ထုတ်ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ် ပျောက်ဆုံးကြောင်းကြေညာခြင်း**

ကျွန်မ ဒေါ်မျိုးမျိုးမင်း[၁၂/ဗဟန(နိုင်)၀၇၈၈၉၄] ယုပန်းမြိုင်ရောင်းဝယ်ရေးကုမ္ပဏီလီမိတက် မှတ်ပုံတင်အမှတ် (၈၆၃)၏ ထုတ်ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်အမှတ်(၂၃၇၆၉) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးအပ်ပါရန် အကြောင်းကြားအပ်ပါသည်။

ဆက်သွယ်ရန်-
ဒေါ်မျိုးမျိုးမင်း[၁၂/ဗဟန(နိုင်)၀၇၈၈၉၄]၊ ဖုန်း-၀၉-၅၀၄၄၉၈၉
















# အပြည်ပြည်ဆိုင်ရာကမ္ဘောဇအာမခံလုပ်ငန်း၏ ရှမ်းပြည်နယ်မြောက်ပိုင်း(ရုံးချုပ်)ဖွင့်

**လားရှိုး ဒီဇင်ဘာ ၃၀**

အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်း (IKBZ Insurance Co., Ltd.) ၏ ရှမ်းပြည်နယ်မြောက်ပိုင်း(ရုံးချုပ်)ဖွင့်ပွဲကို ဒီဇင်ဘာ ၃၀ ရက် နံနက် ၉ နာရီက လားရှိုးမြို့ (၈)ရပ်ကွက် သိန်းနီလမ်း မန်ဆူသုံးထပ်အဆောက်အအုံအမှတ်(အေ-၃/အေ-၄) ၌ ကျင်းပခဲ့သည်။

ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်သိမ်း၊ အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်း အုပ်ချုပ်မှုဒါရိုက်တာ ဦးညီမြင့်၊ ရှမ်းပြည်နယ်မြောက်ပိုင်း ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးရီစိန်နှင့် အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်း ဒါရိုက်တာအဖွဲ့ဝင် ဦးနေမျိုးအောင်တို့က အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်း ရှမ်းပြည်နယ်မြောက်ပိုင်း(ရုံးချုပ်)ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယပိုင်းအစီအစဉ်ကို လားရှိုးမြို့ လားရှိုးမိုတယ်ခန်းမ၌ ဆက်လက်ကျင်းပရာ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက အမှာစကားပြောကြားပြီး အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်းကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးညီမြင့်က အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်း ကုမ္ပဏီလီမိတက် ရှမ်းပြည်နယ်မြောက်ပိုင်း(ရုံးချုပ်) ဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ **(အောက်ပုံ)**

အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်းသည် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာနှင့် စီးပွားရေးလုပ်ငန်းများကို ပျက်စီးဆုံးရှုံးခြင်းမှ ပြန်လည်အစားထိုးကာကွယ်ပေးရန်အတွက် မီးအာမခံ၊ အလုံးစုံမော်တော်ယာဉ်အာမခံ၊ ပြည်သူပြည်သားအသက်အာမခံ၊ ငွေသားလုံခြုံမှုအာမခံ၊ ငွေပို့ငွေသယ်အာမခံနှင့် သမာဓိအာမခံတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(ကြေးမုံ)**






# ပုသိမ်မြို့ ပစ္ဆိမာရုံပရိယတ္တိစာသင်တိုက် သဒ္ဓမ္မဝါစီသုံးထပ်ကျောင်းတော်ကြီး ကျောင်းလှူပူဇာ ဖွင့်ပွဲအခမ်းအနားနှင့် ရေစက်ချအလှူတော်မင်္ဂလာပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၃၀**

ပုသိမ်မြို့ ပစ္ဆိမာရုံပရိယတ္တိစာသင်တိုက် သဒ္ဓမ္မဝါစီ ကျောင်းတော်ကြီး ကျောင်းလှူပူဇာရေစက်ချအလှူတော် မင်္ဂလာပွဲကို ယမန်နေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းတော်ကြီး၌ ကျင်းပရာ အခမ်းအနားသို့ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးစိုးဝင်း၊ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီး ဦးစိုးမြင့်၊ ရခိုင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ ဦးသန်းနိုင်၊ ဇနီး အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ကြည်ကြည်ဆွေ၊ ပစ္ဆိမာရုံကျောင်း အကျိုးတော်ဆောင် အဖွဲ့ဝင်များ၊ ကျောင်းဝေယျာဝစ္စအဖွဲ့ဝင်များ၊ ကျောင်းအလှူရှင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီး ဦးစိုးမြင့်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ သုဓမ္မမဏိဇောတဓရ ဦးကျင်ဟန်၊ ရခိုင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးသန်းနိုင်၊ ဇနီး အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ကြည်ကြည်ဆွေတို့က ကျောင်းတော်ကြီးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။ **(အပေါ်ပုံ)**

ထို့နောက် ဧည့်ပရိသတ်များက ပုသိမ်မြို့ကုန်းသာကျောင်းတိုက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိလာသဆရာတော်ထံမှ ငါးပါးသီလခံယူကာ ပစ္ဆိမာရုံ ပရိယတ္တိစာသင်တိုက်ပဓာနနာယက ဆရာတော် နိုင်ငံတော်ဗဟိုသံဃဝန်ဆောင် နိုင်ငံတော်ဝိနည်းဓိုရ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တခေမိန္ဒက ဩဝါဒကထာချီးမြှင့်ပြီး သံဃာတော်များထံမှ ပရိတ်တရားတော်များ နာယူကြသည်။ ဆက်လက်၍ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးစိုးဝင်းက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး သံဃာတော်အရှင်သူမြတ်အပါး ၂၅၀ တို့အား အလှူရှင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် ပစ္ဆိမာရုံကျောင်းတိုက် တိုက်အုပ်ဆရာတော် သာသနဓဇဓမ္မာစရိယ သာသနတက္ကသိလ မဟာဓမ္မာစရိယ (MA) ဘဒ္ဒန္တဉာဏဝံသထံမှ ကျောင်းအနုမောဒနာတရားနာယူခြင်းနှင့် မဟာမြိုင်ကျောင်းတိုက် ဓမ္မာကထိက ဆရာတော် ဘဒ္ဒန္တကုဏ္ဍဓဇာဘာသထံမှ ရေစက်ချတရားနာယူကာ သံဃာတော်များအား နေ့ဆွမ်းကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**


## ကျေးဇူးအထူးတင်ရှိခြင်း

၂၀၁၂ခုနှစ်အတွက် အကောင်းဆုံးရုပ်ရှင် ထူးချွန်ဆုပေးပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းပံ့ပိုးကူညီပေးသူများအား ကျေးဇူးအထူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

## ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၂ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲတွင် နိုင်ငံတော်မှချီးမြှင့်သော အကောင်းဆုံးရုပ်ရှင်ဒါရိုက်တာဆု ရရှိသူ အကယ်ဒမီကိုဇော်(အရုဏ်ဦး)အား အထူးပင်ထပ်တူထပ်မျှ ဂုဏ်ယူဝမ်းမြောက်မိပါသည်။ နောင်နှစ်များတွင်လည်း နိုင်ငံ့အကျိုး၊ အနုပညာအကျိုး ဆတက်ထမ်းပိုး သယ်ပိုးနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

Mobile King Trading Co., Ltd

## ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၂ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲတွင် နိုင်ငံတော်မှချီးမြှင့်သော အကောင်းဆုံးအမျိုးသား ဇာတ်ဆောင်ဆုရရှိသူ အကယ်ဒမီပြေတီဦးအား အထူးပင်ထပ်တူထပ်မျှ ဂုဏ်ယူဝမ်းမြောက်မိပါသည်။ နောင်နှစ်များတွင်လည်း နိုင်ငံ့အကျိုး၊ အနုပညာအကျိုး ဆတက်ထမ်းပိုး သယ်ပိုးနိုင်ပါစေလို့ ဆုမွန်ကောင်း တောင်းအပ်ပါသည်။

Mobile King Trading Co., Ltd

## အကြိမ် (၆၀) မြောက် မြန်မာနိုင်ငံဆရာဝန်ညီလာခံကျင်းပမည်

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)၏ အကြိမ် (၆၀) ကြိမ်မြောက် မြန်မာနိုင်ငံဆရာဝန်ညီလာခံကို ၂၀၁၃ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်မှ ၁၃ ရက်နေ့အထိ ရန်ကုန်မြို့၊ အမှတ် (၂၄၉) သိမ်ဖြူလမ်း၊ [illegible] မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန် အသင်း[illegible] ကျင်းပမည်ဖြစ်ရာ ညီလာခံသို့တက်ရောက်မည့် သူများသည် ဇန်နဝါရီလ ၆ ရက် (တနင်္ဂနွေ) မှစတင်၍ နံနက် ၁၀နာရီ မှ ညနေ ၃ နာရီအထိ မြန်မာနိုင်ငံဆရာဝန် အသင်း၌ မှတ်ပုံတင်စာရင်းပေးသွင်းနိုင်သည်။



## အမြန်လမ်းပေါ်တွင် ဆိုင်ကယ်နှင့်ကားတိုက်

**ကျောက်တံခါး ဒီဇင်ဘာ ၃၀**

နေပြည်တော်-ရန်ကုန်အမြန်လမ်း မိုင်တိုင်အမှတ်(၁၀၃/၃)နှင့် (၁၀၃/၄)ကြား ကျောက်တံခါးမြို့နယ် မိကျောင်းအိုင်ကျေးရွာအနီး သဘာဝ စိုက်ပျိုးရေးခြံရှေ့၌ ဒီဇင်ဘာ ၂၉ ရက် မွန်းလွဲ ၂ နာရီက ယာဉ်တိုက်မှု တစ်ခုဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်မှာ ရန်ကုန်-နေပြည်တော် အမြန်လမ်း ဘက်ခြမ်းမှ နေပြည်တော်-ရန်ကုန် လမ်းဘက်ခြမ်းသို့ နံပါတ်(မပါ) FEILING(အနက်ရောင်)ဆိုင်ကယ် ယာဉ်မောင်းဦးအောင်လွင် မိကျောင်းအိုင်ကျေးရွာနေသူသည် နောက်တွင် အမျိုးသမီးတစ်ဦး၊ (၅)နှစ်အရွယ်ကလေး တစ်ဦးနှင့် (၃)လအရွယ် ကလေး တစ်ဦးတို့လိုက်ပါလျက် လမ်းအလယ်ကျွန်းအား ဖြတ်ကူးစဉ် နေပြည်တော်ဘက်မှရန်ကုန်ဘက်သို့ ယာဉ်မောင်း ဦးအောင်လှ စစ်ကိုင်းမြို့နေသူမောင်းနှင်လာသည့် ၅ဃ/---- ဆူဇူကီး ဆွစ်(လ်)(အစိမ်းရောင်) ယာဉ်ဖြင့် တိုက်မိရာ ဦးအောင်လွင်နှင့်ကလေး နှစ်ဦးတို့မှာ ဒဏ်ရာများရရှိခဲ့ရာ ဖြူးဆေးရုံ၌ အတွင်းလူနာ(စိုးရိမ်ရ)ဖြင့် ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။ **(သုတ-ပဲခူး)**



## ဒလမြို့နယ်တွင် မီးလောင်မှုဖြစ်ပွား

**ရန်ကုန် ဒီဇင်ဘာ ၃၀**

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် မင်းရဲကျော်စွာ (၁)လမ်းအတွင်း အုတ်ညှပ် နှစ်ထပ်၊ သွပ်မိုး၊ အလျား ပေ ၃၀၊ အနံ ပေ ၂၀ ရှိ ဗိုလ်ရန်ပြေ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး အဆောက်အအုံအား ဒီဇင်ဘာ ၂၉ ရက် နံနက် ၁ နာရီ ၄၅ မိနစ်က မီးအားမြှင့်စက် အပူရှိန်လွန်ကဲရာမှ မီးစတင် လောင်ကျွမ်းမှု ဖြစ်ပွားခဲ့သည်။ အဆိုပါ မီးလောင်မှုဖြစ်ပွားရာသို့ မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဦးတင်မောင်သိန်းနှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှူး ဦးစီးမှူး ဦးကျော်သူအောင် အပါအဝင် အင်အား ကိုးဦး၊ မီးသတ်ယာဉ် နှစ်စီးဖြင့် ရပ်ကွက်နေ ပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၂ နာရီ ၆ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်မှုကြောင့် အဆိုပါ အဆောက်အအုံမီးလောင်ပျက်စီးပြီး သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။ မီးလောင်မှုနှင့် ပတ်သက်၍ ဒလမြို့နယ် ရဲတပ်ဖွဲ့စခန်းမှ ရပ်ကွက် အုပ်ချုပ်ရေးမှူးဖြစ်သူ အမှတ်(၁၀၇၁) ရာဇသကြံ(၅)လမ်း ဗိုလ်ရန်ပြေ ရပ်ကွက်နေ ဦးသန်းဌေးအား(ပ) ၅၆၀/၂၀၁၃ ပုဒ်မ-၂၈၅ အရ အမှုဖွင့်လှစ်ထားကြောင်း သိရသည်။ **(ဗညားမောင်မောင်)**

## ငြိမ်းစင်ထိပ်ရှိ မူလီပြုတ်ကျ၍ လူတစ်ဦးသေဆုံး

**နေပြည်တော် ဒီဇင်ဘာ ၃၀**

မြိုင်မြို့နယ် ဝယ်တောင်ကျေးရွာ၏ တောင်ဘက် ၂ မိုင်ခန့်အကွာ တရုတ်ကုန်း ရေနံမြေအတွင်း ဦးတိုက်ရွှေ၏ ရေနံကျင်းတွင် ဒီဇင်ဘာ ၂၈ ရက် ညနေ ၄ နာရီခွဲက ဇော်နိုင်(၃၃)နှစ်နှင့် လင်းနိုင်(၂၄)နှစ်တို့ ရေနံကျင်းထောင်နေစဉ် ထိခိုက်မှုဖြစ်ပွားကြောင်း ဝယ်တောင်ကျေးရွာအုပ်ချုပ်ရေးမှူးက အကြောင်းကြားလာသဖြင့် ဗဟင်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာ ရေနံကျင်းထောင်နေစဉ် ငြိမ်းစင်ထိပ်ရှိ မူလီပြုတ်ကျကာ ရေနံကျင်းထောင်လုပ်သား ဇော်နိုင်၏ ဦးခေါင်းအားထိမှန်ပြီး ဝဲဘက်ချိုစောင်းပေါက်ပြဲဒဏ်ရာတစ်ချက်ရရှိ၍ အခင်းဖြစ်နေရာတွင် သေဆုံးနေသည်ကိုတွေ့ရှိခဲ့သောကြောင့် မြိုင်မြို့နယ် ဗဟင်းနယ်မြေရဲစခန်းမှ အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ **(ရဲပြန်ကြား)**

## ဓာတ်ငွေ့ရည်ကားချင်း တိုက်မိမှုဖြစ်ပွား

**ဝမ်းတွင်း ဒီဇင်ဘာ ၃၀**

ဝမ်းတွင်းမြို့နယ် ရွှေတောင်ရဲစခန်းအပိုင် ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ်(၃၇၈/၄)ပြည့်စုံကုန်ကားဂိတ်အနီးတွင် ဒီဇင်ဘာ ၂၈ ရက် ည ၈ နာရီခွဲက မိတ္ထီလာမှ မန္တလေးဘက်သို့ ဦးစိုးလွင် မောင်းနှင်လာသော ဒ/---အနီရောင် ပြူတိမ်းဓာတ်ငွေ့သယ်ဆောင်ရေး ရှေ့ပြေးယာဉ်သည် ရှေ့မှမောင်းနှင်နေသော ယာဉ်အား ကျော်တက်မည်ပြုစဉ် မျက်နှာချင်းဆိုင်မှ ဦးအောင်မြင့်မောင်းနှင်လာသော ၅ခ/-----ပြူတိမ်းဓာတ်ငွေ့ရည် သယ်ဆောင်လာသော ယာဉ်နှင့် တိုက်မိမှုဖြစ်ပွားခဲ့သည်။ ဦးစိုးလွင်မောင်းနှင်သော ဒ/-----ယာဉ်ပေါ်မှ မင်းဘူးမြို့နေသူများဖြစ်ကြသော ယာဉ်မောင်းဦးစိုးလွင်၊ ကိုဘိုတိုးနှင့် ဦးမြတ်ဝင်းတို့ သုံးဦးမှာ ဒဏ်ရာများရရှိခဲ့သဖြင့် ဝမ်းတွင်းဆေးရုံသို့ တင်ပို့ထားရသည်။ ယာဉ်တိုက်မှုကြောင့် ဦးအောင်မြင့် မင်းဘူးမြို့နေသူအား ရွှေတောင်ရဲစခန်းက ယာဉ်(ပ)၂၇/၂၀၁၃၊ ပုဒ်မ- ၃၃၇/၃၃၈ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(တင်လှိုင်-မိတ္ထီလာ)**

## ပေါင်မြို့နယ်၌ မီးလောင်မှုဖြစ်ပွား

**ပေါင် ဒီဇင်ဘာ ၃၀**

မွန်ပြည်နယ် ပေါင်မြို့နယ် ကဒါ ရပ်ကွက် မဂ္ဂင်လမ်း ဦးဉာဏ်အောင်၏ နေအိမ်၌ ဒီဇင်ဘာ ၂၉ ရက် နံနက် ၂ နာရီခွဲခန့်က မီးကြွင်းမီးကျန်မှ မီးလောင်မှုဖြစ်ပွားသည်။ မီးလောင်ရာသို့ မွန်ပြည်နယ်မီးသတ်တပ်ဖွဲ့ မီးသတ်ဦးစီးဌာန ပြည်နယ် မီးသတ် ဦးစီးမှူး ဦးမြကြိုင်၊ မြို့နယ်မီးသတ် ဦးစီးမှူး ဦးစိုးကျော်သူ၊ သန္ဓေမီးသတ် တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဦးဝင်းသိန်းနှင့် ရဲတပ်ဖွဲ့ဝင်များက မီးသတ်ယာဉ် ကိုးစီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ နံနက် ၃ နာရီတွင် မီးထိန်းနိုင်ခဲ့ပြီး နံနက် ၃ နာရီခွဲတွင် မီးညွန့်ကျိုးခဲ့သည်။ မီးလောင်မှုကြောင့် အိမ် ၁၁ လုံးဆုံးရှုံးခဲ့ပြီး အိမ်ထောင်စု ၁၁စု အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။ မီးလောင်မှုကြောင့် လူနှင့်တိရစ္ဆာန် အသေအပျောက်မရှိကြောင်း သိရသည်။

မီးလောင်မှုနှင့် ပတ်သက်၍ ဦးဉာဏ်အောင်အား ပေါင်မြို့ ရဲတပ်ဖွဲ့စခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(၅၆၅)**

## စက်ဘီးနှင့်ကား တိုက်မိ

**ပဲခူး ဒီဇင်ဘာ ၃၀**

ပဲခူးမြို့ အမှတ်(၂)ရပ်ကွက် လျှပ်စစ်ခွဲရုံရှေ့ ရန်ကုန်-မန္တလေးကားလမ်းမပေါ်တွင် ဒီဇင်ဘာ ၂၉ ရက် နံနက် ၁၁ နာရီခန့်က ရွှေကျင်မြို့မှ ယာဉ်မောင်း ဦးတင်မောင်ထွေးမောင်းနှင်လာသည့် စက်မှုဇုန်ထုတ် Super Custom 2000-ယာဉ်အမှတ်(B1-12672)နှင့် ပဲခူးမြို့ ညောင်ဝိုင်း(၁၄)လမ်းနေ ဦးညွန့်ဝေစီးနင်းလာသည့် စက်ဘီးတို့တိုက်မိခဲ့ရာ ဦးညွန့်ဝေတွင် ပွန်းပဲ့ဒဏ်ရာရရှိခဲ့၍ ဆေးရုံသို့ပို့ခဲ့သည်။ ယာဉ်တိုက်မှုကို ပဲခူးမြို့အမှတ်(၃)ရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၅၈၈)**

## မရမ်းကုန်း၌ ကြိုးဆွဲချသေဆုံးမှုဖြစ်ပွား

**ရန်ကုန် ဒီဇင်ဘာ ၃၀**

မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက်၌ အမျိုးသမီးတစ်ဦးကြိုးဆွဲချသေဆုံးမှု တစ်ခုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၈ ရက် ညနေ ၅ နာရီက ဘုရင့်နောင်နယ်မြေရဲစခန်း၌ ဒုရဲအုပ်ခင်စိုး တာဝန်မှူးအဖြစ် တာဝန်ထမ်းဆောင်နေစဉ် မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် အောင်သပြေ (၂)လမ်း အမှတ်(၃၁)ရှိ နှစ်ထပ် နေအိမ်၌ အမျိုးသမီးတစ်ဦးကြိုးဆွဲချသေဆုံးနေကြောင်း သတင်းအရ တာဝန်ရှိသူများက သက်သေများနှင့် အတူ သွားရောက်စစ်ဆေးရာ သေဆုံးသူ မအေးအေးဝင်း (၄၆)နှစ်သည် နေအိမ်အောက်ထပ်ရှိ မီးဖိုခန်း ထုပ်တန်း၌ ပလတ်စတစ်ကြိုးဖြင့် ကြိုးဆွဲချသေဆုံးနေကြောင်းတွေ့ရှိရသဖြင့် ဆေးစာရေးသားပြီး မြောက်ဥက္ကလာပဆေးရုံသို့ပို့အပ်ရာ PR-14 ဖြင့် လက်ခံထားရှိပြီး ဘုရင့်နောင်နယ်မြေရဲစခန်းက သေမှုသေခင်း အမှတ်စဉ်(၂၁/၂၀၁၃)ဖြင့် အမှုဖွင့်လှစ်၍ စခန်းမှူးရဲအုပ်ကျော်ဇောက ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ်၊ မဟုတ် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ဇော်ကြီး-ပဏိတ)**

## ယာဉ်တိမ်းရှောင်ရာမှ ကြံတင်ယာဉ်နောက်လန်

**နေပြည်တော် ဒီဇင်ဘာ ၃၀**

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန်ရပ်ကွက် ခါးပြတ်လမ်းပေါ်၌ ဒီဇင်ဘာ ၂၉ ရက် မွန်းတည့် ၁၂ နာရီက ကြံများတင်ဆောင်လာသော ကုန်တင်ယာဉ်တစ်စီးနောက်မြီးလန်ခဲ့ကြောင်း သိရသည်။**(ယာပုံ)**ဖြစ်စဉ်မှာ ယာဉ်မောင်းဦးမြင့်အောင် အသက်(၄၉)နှစ် မြဝတီရပ်ကွက် တပ်ကုန်းမြို့နေသူ မောင်းနှင်သော ယာဉ်အမှတ် ဆ/---- ဒေါင်ချစ်ခြောက်ဘီး ယာဉ်နီပြာရောင်သည် ကြံများသယ်ဆောင်လာပြီး လမ်း၏ ဘယ်ဘက်မှ ခါးပြတ်လမ်းပေါ်အတက် အရှေ့ဘက်မှ မောင်းနှင်လာသော သုံးဘီးဆိုင်ကယ်အား ရှောင်တိမ်းရာ တင်ဆောင်လာသည့် ကြံများ၏ အလေးချိန်ကြောင့် ယာဉ်၏နောက်မြီးလန်ခဲ့ရာ အဆိုပါ ကားနောက်မြီးလန်မှုကြောင့် ယာဉ်ပေါ်ရှိ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များ ထိခိုက်ဒဏ်ရာ တစ်စုံတစ်ရာမျှ မရရှိခဲ့ကြောင်း သိရသည်။ **(မင်းမင်းလတ်-မန်းတက္ကသိုလ်)**











### အမည်ပြောင်းလဲခေါ်ပါရန်

ဧရာဝတီတိုင်းဒေသကြီး၊မြန်အောင်မြို့နယ်၊ သပြေကုန်းကျေးရွာ၊ အမှတ်(၁)ရပ်ကွက်နေ ဦးဇော်မျိုးထွန်း-ဒေါ်တင်မာလွင်တို့၏သမီး(အထက)သပြေကုန်း ဒုတိယတန်းမှ မနန်းရွှေစင်အား မနေခြည်လင်းလဲ့ဦးဟု ပြောင်းလဲခေါ်ပါရန်။

ဦးဇော်မျိုးထွန်း-ဒေါ်တင်မာလွင်



## ဆရာဦးအေးထွန်း(ညောင်လွန့်)
## “လယ်တီမူဝိပဿနာအလုပ်ပေးတရားပွဲ”

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗဟိုရိလမ်း-ဆီဆုံလမ်းထိပ်၊ တိုက်ကြီးမြို့နယ်၊ အသင်းဓမ္မာရုံ၌ လစဉ် ၁ ရက်မှ ၇ ရက်ထိ ညနေ ၅း၃၀နာရီမှ ၇နာရီထိနှင့် အလုံမြို့နယ်၊ သီရိမင်္ဂလာ ဥယျာဉ်အိမ်ရာဝင်းအတွင်း သန်းရတနာဓမ္မာရုံ၌ လစဉ် ၈ရက်မှ ၁၄ ရက်ထိ ညနေ ၅း၃၀ နာရီမှ ၇နာရီထိ တိုက်ကြီးမြို့၊ ရှမ်းကျောင်းကြီးကျောင်းတိုက်တွင် လစဉ် ၂၂ ရက်မှ ၂၈ ရက်ထိ နေ့စဉ် မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီထိ မြတ်ဗုဒ္ဓ၏ ပဋ္ဌိပတ်အကျင့်မြတ်တရားတော်များကို လယ်တီမူအနာဂါမ်ဆရာသက်ကြီး၏ ဥပနိဿယဖြင့် ကမ္မဋ္ဌာန်းနည်းပြဆရာ ဦးအေးထွန်း(ညောင်လွန့်)မှ ဟောကြားပို့ချမည်ဖြစ်ရာ မည်သူမဆို လာရောက်အားထုတ်နိုင်ပါရန် ဖိတ်ကြားနှိုးဆော်အပ်ပါသည်။

**ဆက်သွယ်ရန်**
**ဖုန်း-၀၉-၂၅၄၀၁၀၃၀၈**

## နှစ်(၄၀)ပြည့်ပတ္တမြားရတုမင်္ဂလာဆုမွန်လွှာ

ဖေဖေ **ဦးခင်မြင့်** နှင့် မေမေ **ဒေါ်ငွေးညွှန့်**တို့၏ ၃၁-၁၂-၂၀၁၃ရက်တွင် ကျရောက်သော နှစ်(၄၀)ပြည့်ပတ္တမြားရတု မင်္ဂလာနှစ်ပတ်လည်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်သား၊ ချစ်သမီးများနှင့်အတူ ကျန်းမာချမ်းသာပျော်ရွှင်စွာဖြင့် လောကီလောကုတ္တရာ နှစ်ဖြာသောအကျိုးကို ဆတက်တိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ရိုသေစွာဖြင့် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ချစ်သမီး** - **Dr.ကေသွယ်မြင့် M.B.,B.S(Ygn)**
**M.Med.Sc(Radiation Oncology)**
**ချစ်သား** - **မောင်ဇော်ဇော်အောင်(Marketing Director)**
**(Schneider Electric)**
**ချစ်သမီး** - **Dr.မေနွယ်မြင့် M.B.,B.S(YGN)**

## စက်မှုဝန်ကြီးဌာန
## အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
## အရောင်းပြခန်းများဖွင့်လှစ်ရန် ဖိတ်ခေါ်ခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးစေတီလမ်း၊ အမှတ်(၄၆)ရှိစက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၁၁)အကြီးစားစက်ရုံ(ရန်ကုန်)၏ ကမ္ဘာအေးစေတီလမ်းမကို မျက်နှာစာပြုထားသည့် အလျားပေ၁၀၀×အနံ၃၅ပေရှိသော မြေကွက်များပေါ်တွင် အကျိုးတူအရောင်းပြခန်း ဆောက်လုပ်ဖွင့်လှစ်ရန် စိတ်ပါဝင်စားသူများအနေဖြင့် ၁၄-၁-၂၀၁၄ ရက်အထိ ရုံးဖွင့်ရက်၊ ရုံးချိန်အတွင်း အောက်ပါလိပ်စာသို့ လာရောက်ဆက်သွယ်ဆွေးနွေးနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။ **ပစ္စည်းစီမံရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း**

**စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၀)နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၅၀၅၃၊ ၀၆၇-၄၀၅၀၅၄**

## လှိုက်လှဲစွာကျေးဇူးတင်ရှိခြင်း

၁-၁၂-၂၀၁၃ ရက်မှ ၂၂-၁၂-၂၀၁၃ ရက်ထိ အောင်မြင်စွာ ကျင်းပခဲ့သော (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် ဆုဗန်းကိုင်သမီးငယ်များကို မိတ်ကပ်နှင့်ဆံပင် အလှဆင်ရာတွင် ကမကထပြု Sponsor ပေးကူညီသော aroma(Zulu Studio)မှ ဦးအောင်မြတ်သူနှင့် အဖွဲ့သူ၊ အဖွဲ့သားများ၊ ချိတ်လုံချည် Sponsor ပေးကူညီသော ဦးသားစိုးနှင့်ဇနီး (ရွှေပိုးနန်းတော်ပိုးထည်တိုက်)တို့အား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

**ဘဏ္ဍာငွေရှာဖွေထိန်းသိမ်းရေးနှင့်ဆုချီးမြှင့်ရေးကော်မတီ**

**ဦးဝင်းကို**

**LCCI LEVEL 1&2,3**

**စာရင်းကိုင်သင်တန်းများ**

**JAN(11)2014**

**ILCCI**

**WEBS**

သက်ရှိလောကတည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆၄/စက်မှုဇုန်၊ မြေကွက်အမှတ်-၆၄၈၊ မြေကွက်တည်နေရာအမှတ်(၆၄၈)၊ အင်းလေး(၄)လမ်း၊ ၆၄ ရပ်ကွက်၊ ဒဂုံတောင် [ဦးမောင်မောင်ခင်(ခ)ဝမ်ခင်] [၁၂/ပဇတ(နိုင်)၀၀၉၃၂၄] အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးမောင်မောင်ခင်(ခ)ဝမ်ခင်နှင့် မိခင်ဒေါ်အေးကြည်တို့ ကွယ်လွန်၍ ဦးမြင့်ထွန်းအောင်[၁၂/ပဇတ(နိုင်)၀၀၀၈၆၈]၊ ဒေါ်သန်းသန်းဆွေ[၁၂/ပဇတ(နိုင်)၀၀၁၂၄၇]တို့က သားသမီးဖြစ်ကြောင်း ကျမ်းကျိန်လွှာများတင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့်စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## မွေးနေ့ဆုတောင်း

ဦးဝင်းထိန်(MD)ဝင်းဂုဏ်ရောင်ကုမ္ပဏီလီမိတက်၏ (၃၁-၁၂-၂၀၁၃) ရက်နေ့တွင် ကျရောက်သော မွေးနေ့မှသည် ချစ်ဇနီး၊ ချစ်သားများနှင့်အတူ အောင်မြင်ပျော်ရွှင်သော ဘဝဇာတ်လမ်းကို လျှောက်လှမ်းနိုင်ပါစေ၊ စီးပွားဥစ္စာများ ဆတက်ထမ်းပိုးတိုးတက် အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဝင်းဂုဏ်ရောင်ကုမ္ပဏီ ဝန်ထမ်းများ

## ဦးဇေယျမင်းအောင်

B.A (Korean), Y.U.F.L
(I.E.K.C.S) Song Kong Hoe University, S-Korea

## ကိုရီးယားဘာသာစကားသင်တန်းကျောင်း

- Song Kong Hoe University

Ph: 09450048814 , 0931103270, 09425292545



**TOP**

**KK**

01-642028, 642065, 248036
01-386755, 09-73151806

**SONG LANGUAGE SCHOOL**

ကိုရီးယားနိုင်ငံတွင်အလုပ်သွားရောက်လုပ်ကိုင်လိုသူများအတွက်

EPS - TOPIK

# အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ လက်ခံကျင်းပနိုင်ရန် အသင့်အနေအထားတွင်ရှိနေရန် လိုအပ်



**နေပြည်တော် ဒီဇင်ဘာ ၃၀**

၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ အာဆီယံ အလှည့်ကျဥက္ကဋ္ဌ တာဝန်ယူရေးနှင့် အာဆီယံအသိုက်အဝန်းထူထောင်ရေး ဆိုင်ရာဗဟိုကော်မတီ ပဉ္စမအကြိမ် အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ သမ္မတရုံး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း တက်ရောက်အမှာ စကားပြောကြားသည်။**(အပေါ်ပုံ)**

အစည်းအဝေးသို့ ပြည်ထောင်စု ဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီး အကဲများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းက အမှာစကား ပြောကြားရာတွင် ဗဟိုကော်မတီကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး အစည်းအဝေးများ ခေါ်ယူကျင်းပခဲ့ရာ ယခုဆိုလျှင် ပဉ္စမ အကြိမ်မြောက် ရှိပြီဖြစ်ပါကြောင်း၊ ၂၀၁၃ ခုနှစ် အောက်တိုဘာ ၁၀ ရက် တွင် နိုင်ငံတော်သမ္မတကြီးအနေဖြင့် အာဆီယံဥက္ကဋ္ဌတာဝန်ကို ဘရူနိုင်း နိုင်ငံမှ လက်ခံရယူခဲ့ပြီးဖြစ်သည့် အတွက် အာဆီယံဥက္ကဋ္ဌတာဝန်သည် ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ မြန်မာနိုင်ငံ၏ ပခုံးပေါ်သို့ရောက်ရှိ လာပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် ယခင်က ပြင်ဆင်ဆောင်ရွက်နေမှုများ ကို ယခုအချိန်၌ အပြီးသတ် ဆောင်ရွက်ပြီး အာဆီယံဥက္ကဋ္ဌအဖြစ် အာဆီယံဒေသတွင်း နိုင်ငံများကို ဦးဆောင်ဦးရွက်ပြုနိုင်ရန်နှင့် အာဆီယံ ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ် အစည်းအဝေးများကို အောင်မြင်စွာ လက်ခံကျင်းပနိုင်ရန် အသင့်အနေ အထားတွင်ရှိနေရန် လိုအပ်နေပြီ ဖြစ်ပါကြောင်း။

မိမိတို့အနေဖြင့် အာဆီယံဥက္ကဋ္ဌ၏

**စာမျက်နှာ ၈ ကော်လံ ၄ သို့** ☆

## အကျဉ်းသား ငါးဦးအား နိုင်ငံ့အကျိုးအတွက် လွတ်ငြိမ်းသက်သာခွင့်ပြု

**နေပြည်တော် ဒီဇင်ဘာ ၃၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် လက်ကျန်နိုင်ငံရေးအကျဉ်းသားများ စိစစ်ရေးကော်မတီမှ တင်ပြခဲ့သည့် အကျဉ်းထောင်၊ အလုပ်စခန်းများတွင် ထိုက်သင့်သော ပြစ်ဒဏ်များကို ကျခံပြီးဖြစ်သည့် အကျဉ်းသားငါးဦးတို့အား နိုင်ငံတော်၏ မေတ္တာနှင့်စေတနာကို နားလည်ပြီး မိမိအကျိုး၊ ဒေသအကျိုး၊ နိုင်ငံ့အကျိုးအတွက် အများပြည်သူတို့နှင့်အတူ တာဝန်ထမ်းဆောင်နိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄(က)နှင့်အညီ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၄၀၁ ပုဒ်မခွဲ(၁)အရ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်နေ့မှစ၍ ကျခံရန်ကျန်ရှိနေသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## တက္ကသိုလ်အဆောင်သစ် ထပ်မံနေရာချထား

**ရန်ကုန် ဒီဇင်ဘာ ၃၀**

အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) ရန်ကုန်မြို့ရှိ တက္ကသိုလ်များဖြစ်သော ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ ရန်ကုန်ပညာရေးတက္ကသိုလ်၊ ဒဂုံတက္ကသိုလ်၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်တို့မှ ကျောင်းသား ကျောင်းသူများအတွက် အဆောင်နေရာရရှိရေး ဦးစားပေးဆောင်ရွက်ပေးလျက်ရှိသည်။

အဆောင်နေရာချထားရာတွင် အဆောင်နေလိုသူ ကျောင်းသား ကျောင်းသူဦးရေအချိုးမှာ ၁း၄ ရှိပြီး ကျောင်းသူများအတွက် အဆောင်နေရာပိုမိုလိုအပ်နေခြင်း၊ လက်ရှိကျောင်းသူဆောင်အချို့တွင် တက္ကသိုလ်ဆရာမများကို နေထိုင်ခွင့်ပြုထားခြင်းကြောင့် ရန်ကုန်တက္ကသိုလ် ရွှေဘိုဆောင်နှင့် ဒဂုံဆောင်တို့တွင် ကျောင်းသူများကို ယာယီအစီအစဉ်ဖြင့် နေရာချထားကြောင်း သိရသည်။

ယခုအခါ အင်းလျားလမ်းတွင် ကျောင်းသူများအတွက် သီးသန့် အဆောင်တစ်ဆောင်ထပ်မံစီစဉ်ရရှိပြီးဖြစ်သဖြင့် ရန်ကုန်တက္ကသိုလ်နယ်မြေရှိ ရွှေဘိုဆောင်နှင့် အင်းလျားဆောင်တွင်

**စာမျက်နှာ ၇ ကော်လံ ၄ သို့** ■

## လပွတ္တာမြို့နယ် ကန်ဘက်ကျေးရွာတွင် မီးလောင်မှုဖြစ်ပွား

**လပွတ္တာ ဒီဇင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ် ကန်ဘက်ကျေးရွာ ကမ်းနားဈေးတွင် ဒီဇင်ဘာ ၃၀ ရက် နံနက် ၂ နာရီ ၁၅ မိနစ်ခန့်တွင် မီးကြွင်းမီးကျန်မှုတစ်ဆင့် မီးလောင်မှုဖြစ်ပွားရာ အိမ်ခြေ ၂၀၀ ကျော် မီးလောင် ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ကနဦးသတင်းများအရ အဆိုပါ မီးလောင်မှုမှာ ကမ်းနားဈေးရှိ မုန့်ဟင်းခါးဖို မီးကြွင်းမီးကျန်မှ စတင်လောင်ကျွမ်းခြင်းဖြစ်ပြီး ဆက်လက်၍ အထည်ဆိုင်၊ ဆန်ဆိုင်၊ ဆေးဆိုင်၊

**စာမျက်နှာ ၇ ကော်လံ ၁ သို့** ○

## ၂၀၁၃ ခုနှစ်၏ အားကစားကဏ္ဍထူးခြားမှုများ

ငွေကြယ်



ယနေ့ဆိုလျှင်ဖြင့် နှစ်ဟောင်းကုန်၍ နှစ်သစ်သို့ကူးပြောင်းတော့မည့် နောက်ဆုံးနေ့ဆိုလျှင် မှားမည်မဟုတ်ပေ။ ထို့ကြောင့် ၂၀၁၃ ခုနှစ်၏ အားကစားကဏ္ဍ ထူးခြားမှုများကို ရွေးထုတ်တင်ပြရလျှင်-

စက်တင်ဘာ ၁ ရက်တွင် လာလီဂါ၏ နာမည်ကြီး အသင်းတစ်သင်းဖြစ်သည့် ရီးယဲလ်မက်ဒရစ်အသင်းသည် စပါးအသင်းမှ ဝေလတောင်ပံကစားသမား ဂါရတ်ဘေးလ်ကို ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးဖြစ်သည့် ပေါင် ၈၆ သန်းဖြင့် အပြီးသတ်ခေါ်ယူခဲ့သည်။

စက်တင်ဘာ ၂ ရက်တွင် လက်ရှိပရီမီယာလိဂ် အမှတ်ပေးဇယားတွင် ထိပ်ဆုံးမှဦးဆောင်နေသည့် အာဆင်နယ်အသင်းသည် ရီးယဲလ်မက်ဒရစ်ကွင်းလယ် ကစားသမား အိုဇေးလ်ကို ပေါင် ၄၃ သန်းပေး၍ ခေါ်ယူခဲ့သကဲ့သို့ မန်ယူအသင်းအနေဖြင့်လည်း အဲဗာတန်ကွင်းလယ်ကစားသမား ဖယ်လိုင်နီကို ပေါင် ၂၇ ဒသမ ၅ သန်းဖြင့် ခေါ်ယူခဲ့သည်။

အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်တွင် အနိုင်ရရှိခဲ့သော စပိန်တင်းနစ်အကျော်အမော်ရာဖေးလ်နာဒယ်သည် နောက်ဆုံးပိုလ်လုပွဲတွင် ဂျိုကိုဗစ်အား ၆-၂၊ ၃-၆၊ ၆-၄၊ ၆-၁ ဖြင့် အနိုင်ရရှိကာ အမေရိကန်အိုးပင်း တင်းနစ်ဆုဖလားကို ရယူနိုင်ခဲ့သည်။**(ယာပုံ)**

**စာမျက်နှာ ၇ ကော်လံ ၆ သို့** ❖






# လှိုက်လှဲစွာဝမ်းမြောက်ကြိုဆိုခြင်း

**IKBZ Insurance** (အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်း) ၏

**ရှမ်းပြည်နယ်မြောက်ပိုင်းရုံးချုပ်** ကို ၃၀.၁၂.၂၀၁၃ ရက်နေ့တွင်

**ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့** ၌ အောင်မြင်စွာဖွင့်လှစ်ခဲ့ခြင်းအတွက်

အထူးဂုဏ်ယူဝမ်းမြောက်ကြိုဆိုပါကြောင်းနှင့် တိုးတက်အောင်မြင်ပါစေကြောင်း

ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း**

**ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့**










## Aye Yeik Tha Real Estate

**Ph:09-5188320, 09-5074096**

| | |
|---|---|
| ၁။ ကမရ၊ သံလွင်လမ်းမ၊ ၄၃'× ၁၃၀'(RC 3 သစ်) | သိန်း ၃၈၀၀၀ |
| ၂။ အနောက်ရွှေဂုံတိုင်လမ်းမ(မြေ)၂၂'×၈၀', BN2 | သိန်း ၁၅၀၀၀ |
| ၃။ ကန်တော်ကြီးပတ်လမ်းမ(GF+1F)၃၀'×၅၀' | သိန်း ၅၀၀၀ |
| ၄။ တက္ကသိုလ်ရိပ်သာလမ်းမ GF, ၁၅'×၅၀ ' | သိန်း ၄၈၀၀ |
| ၅။ ပြည်လမ်းမ၊ ဒိုင်းမွန်းကွန်ဒို၊ ၁၄၀၀-စပ၊ ပြင်ဆင် | သိန်း ၃၇၀၀ |
| ၆။ တ/ဥ သစ္စာလမ်းမ၊ ၂၂'×၆၀'(RC4) Ph ငှား | ၂၅ သိန်း |
| ၇။ ရွှေတောင်ကြား၊ ၅၀'×၅၀' (RC 3 သစ်) | သိန်း ၃၀ |

**လည်ပတ်လျက်ရှိသော ဖုန်းဆိုင်နေရာကောင်း**

**ငှားရမ်းမှုနှင့်တကွ ဆိုင်လက်ကျန်**

**ပစ္စည်းများလွှဲပြောင်းရောင်းချလိုပါသည်။**

**ဆက်သွယ်ရန် Lucky phone .**

**09-73088750, 09-450034544.**

### ၁၂-၁၂-၂၀၁၃ ရက်စွဲပါ ဦးခင်မောင်လေး[၁၂/တမန(နိုင်)၀၉၇၀၃၆] အမှတ်-၁၄၊ စွန်းလွန်းဂူကျောင်းလမ်း၊ (၁၆)ရပ်ကွက်၊ရန်ကင်းမြို့နယ်နှင့် အများသိစေရန် ကြော်ငြာကိုပြန်လည်ရှင်းလင်းခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးခင်မောင်လေး TGKN-025249[၁၂/တမန(နိုင်)၀၉၇၀၃၆]၊ အမှတ်(၅၁)၊ (၁၃၅)လမ်း၊ မအူကုန်းရပ်ကွက်၊ တာမွေမြို့နယ်နေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ဖြေရှင်းလိုက်သည်။

ဦးခင်မောင်လေးနှင့် ဦးဝင်းသိန်း[၁၂/ဗဟန(နိုင်)၀၂၂၆၅၅]တို့သည် ၂၃-၃-၉၅ ရက်စွဲပါ စာချုပ်အရ ဒဂုံမြို့သစ်(တောင်ပိုင်း)မြေတိုင်း ရပ်ကွက်အမှတ်(၆၉)၊ မြေကွက်အမှတ်-(၁၄၂၆) ဧရိယာပေ(၄၀ × ၆၀)မြေကွက်ကို အရပ်ကတိစာချုပ်ဖြင့် ချုပ်ဆိုဝယ်ယူခြင်းဖြစ်ပါသည်။ ၎င်းအပြင် ဦးဝင်းသိန်းက ဦးခင်မောင်လေးအား အထူးကိုယ်စားလှယ်လွှဲစာ လွှဲအပ်ထားသော ၁၄-၂-၉၆ ရက်စွဲပါ မှတ်ပုံတင်အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၁၀၅/၉၆)တွင်လည်းကောင်း၊ မြေတိုင်းရပ်ကွက်အမှတ်(၆၉)၊ မြေကွက်အမှတ်(၁၄၂၆)ဟုသာဖော်ပြထားပါသည်။ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာန၏ ၁၉၉၅/၉၆ မြေပုံတွင်လည်း မြေတိုင်းရပ်ကွက်အမှတ်(၆၉)၊ မြေကွက်အမှတ်(၁၄၂၆)ဟုသာဖော်ပြထားပါသည်။ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ၂၉-၃-၉၅ ရက်စွဲပါ ငွေရပြေစာနှင့်ထောက်ခံစာတို့တွင်လည်းကောင်း၊ ၁၁-၃-၉၄ ရက် ရွှေ့ပြောင်းမည့်သူများ၏ ရာဇဝင်အကျဉ်းချုပ်တွင်လည်း အလားတူဖော်ပြထားပါသည်။

သို့ရာတွင် ၈-၁-၉၈ ရက်စွဲပါ မြို့တော်စည်ပင်မြေယာဌာန၏ အမည်ပြောင်းကြော်ငြာတွင် ထိုမြေကွက်ကို မြေတိုင်းရပ်ကွက်အမှတ်(၆၉)၊ မြေကွက်အမှတ်(၁၂၄၉)ဟုလည်းကောင်း၊ ၂၆-၂-၉၈ ရက်စွဲပါ ကြေးမုံသတင်းစာကြော်ငြာအချုပ်ပိုစာမျက်နှာ(ခ)၊ အမှတ်စဉ်(၈)တွင် ကြော်ငြာရာ၌လည်းကောင်း၊ မြေဂရန်စာချုပ်တွင်လည်း မြေတိုင်းရပ်ကွက်အမှတ်(၆၉)၊ မြေကွက်အမှတ်(၁၂၄၆)ဟု မှားယွင်းစွာဖော်ပြမှုရှိနေပါသည်။

ထို့ကြောင့် ၁၂-၁၂-၂၀၁၃ ရက်စွဲပါကြော်ငြာတွင် ဖော်ပြချက်များမှာအဖြစ်မှန်မဟုတ်ကြောင်း ဦးခင်မောင်လေး၏ဂုဏ်သိက္ခာကို ပြောင်ပြောင်တင်းတင်းထိပါးရာ ရောက်နေပါသည်။

ဦးခင်မောင်လေးသည် ဥပဒေနှင့်ဆန့်ကျင်သော မည်သည့်လုပ်ရပ်၊ မည်သည့် စာချုပ်စာတမ်းကိုမျှ ပြုလုပ်ခဲ့ခြင်းမရှိပါ။ စည်ပင်မြေယာဌာန၏မှားယွင်းစွာဖော်ပြ၍ ဂရမ်ထုတ်ပေးခြင်းမှာ ဦးခင်မောင်လေးနှင့် မသက်ဆိုင်၊ တာဝန်မရှိပါ။ စည်ပင်မြေယာဌာန၏ တာဝန်သာဖြစ်ပါ ၍ ဌာနဆိုင်ရာသို့ သက်ဆိုင်သူများက အမှားပြင်ဆင်ချက်ကိုလျှောက်ထား၍ ဖြေရှင်းဆောင်ရွက်မည့် ကိစ္စသာဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ၁၂-၁၂-၂၀၁၃ ရက်စွဲပါ ကြော်ငြာကို ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ရုပ်သိမ်းရန်နှင့်ပျက်ကွက်ပါက ဦးခင်မောင်လေး၏ ဂုဏ်သရေကို ထိခိုက်စေမှု၊ နစ်နာမှုများအတွက် သက်ဆိုင်သူများကို ဥပဒေအရအရေးယူမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းကြေညာလိုက်သည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ကျော်ဇံ**
**LL.B.,DBL,DML,DIL,DA,PSY,DIR**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၄၆၉၂)**

## အများသိစေရန်

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၆၉)၊ ထီးလှိုင်ရှင်လမ်းရှိ မြေကွက်အမှတ်-၁၇၇၄ ကို ၂၀-၈-၂၀၁၃ ရက်တွင် ဝယ်ယူရန် စရန်ငွေပေးချေခဲ့ပြီးနောက် မဝယ်ယူဖြစ်တော့ပါသဖြင့် အရောင်းအဝယ်ကို နှစ်ဦးသဘောတူဖျက်သိမ်းလိုက်ကြောင်း ကြေညာအပ်ပါသည်။

**မြသက်မော်**
**[၁၂/ဥကတ(နိုင်)၀၁၁၉၂၈]**
**၁၆၈၊ ရာဇသင်္ကြန်လမ်း၊ ၁၁-ရပ်ကွက်၊ တောင်ဥက္ကလာပ**
**ဖုန်း-၀၉-၄၂၈၀၃၆၀၁၆**

# KBZ BANK

## ကမ္ဘောဇဘဏ်လီမိတက် ၏ (၁၃၄)ဘဏ်မြောက်

## တိုက်ကြီးဘဏ်ခွဲ ကို

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ် တွင်

၃၁.၁၂.၂၀၁၃ (အင်္ဂါနေ့)၌ ဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့်

ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း

မိတ်ဆွေများအား သတင်းကောင်းပါးအပ်ပါသည်။

**သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်**

ဆက်သွယ်ရန်လိပ်စာ

**တိုက်ကြီးဘဏ်ခွဲ**

အမှတ်(၂၀၉)၊ ရန်ကုန်-ပြည်လမ်းမကြီး၊ ဘူတာရပ်ကွက်၊
တိုက်ကြီးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ဖုန်း - (၀၅၅) ၂၁၁၇၀/ ၇၁/ ၇၂/ ၇၃/ ၇၇
ဖက်စ် - (၀၅၅) ၂၁၁၇၄/ ၇၅/ ၇၆

www.kbzbank.com

